ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ (3-8-2004) (၄၃၁၄)

အရိယ သစ္စာန ဒဿနံ
တေ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

လူ့အခွင့်အရေး ကာကွယ်ထိန်းသိမ်းမှုနှင့် ဆန့်ကျင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့အစိုးရ ခေတ်ကာလမတိုင်မီ တစ်ချိန်သောကာလက စစ်အေးခေတ် အင်အားကြီးနိုင်ငံကြီးများ၏ အားပြိုင်မှု၊ သြဇာအာဏာရိပ် တိုးချဲ့မှုတို့က ကင်းရှင်းအောင် ကျင့်ကြံနေထိုင်ရင်း နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှုများ လျှော့ချပြီး တစ်ကိုယ်တော်နိုင်ငံဘဝကို ဖြတ်သန်းခဲ့ဖူး။

ယနေ့ Globalization ခေါ်သည့် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ဖြစ်ပေါ်နေမှုအစဉ်တွင် တစ်နိုင်ငံတည်း ထီးထီးရပ်တည်နေ၍ မရခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာကို တံခါးဖွင့်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လာသည့် အချိန်အခါတွင် ကမ္ဘာ့မိသားစုအတွင်းပြန်ဝင်ရန် အားပေးဖိတ်ခေါ်ရမည့်အစား နိုင်ငံရေးအကြောင်းပြချက် သက်သက်ဖြင့် အထီးကျန်ဖြစ်အောင် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများက ဖိအားပေးပိတ်ဆို့မှုများ လုပ်ဆောင်နေကြခြင်းသည် ဆင်းရဲချမ်းသာ ကွာဟမှုကို ပိုမိုအားပေးနေသကဲ့သို့ လူ့အခွင့်အရေး ကာကွယ်ထိန်းသိမ်းမှုနှင့်လည်း ဆန့်ကျင်နေလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်ရင်း မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ရိုးသားစွာ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မည်သူအားပေးသည်ဖြစ်စေ၊ ဆန့်ကျင်ပိတ်ဆို့သည်ဖြစ်စေ ပြည်သူအများစုကြီး၏ ဆန္ဒနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တစိုက်မတ်မတ် ကြိုးပမ်းမည်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်း အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ –အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❀

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၃-၈-၂၀၀၄
(အင်္ဂါနေ့)

ဘင်းမ်စတက်အဖွဲ့ အောင်မြင်စွာ ရပ်တည်နိုင်ရေး အဖွဲ့ဝင်နိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဇူလိုင်လ ၃၁ ရက်နေ့က ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနခန်းမ၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘော အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ မိန့်ခွန်း ပြောကြားရာတွင် **ဘင်းမ်စတက်အဖွဲ့ကြီးအနေဖြင့် ပြည်သူများ၏ ဖွံ့ဖြိုးရေးနှင့် တိုးတက်သာယာဝပြောရေးကို အမှန်တကယ် ဆောင်ကြဉ်းပေးနိုင်မည့် အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်လာစေရန် ယခုထက် ပိုမိုလက်တွေ့ကျကျ ဆောင်ရွက်ရန် လိုအပ်သည်ဟု ခိုင်မြဲစွာယုံကြည်ပါကြောင်း၊ ရည်ရွယ်မျှော်မှန်းထားသည့် အောင်မြင်သော ဘင်းမ်စတက် အဖွဲ့ကြီးအဖြစ်ရပ်တည်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်** ဟူ၍ ပြောကြားခဲ့သည်။

ဘင်းမ်စတက်အဖွဲ့ကို စတင်မွေးဖွားပေးလိုက်သည့် ဗန်ကောက်ကြေညာစာတမ်းတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအတွင်း လျင်မြန်သည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိသော ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန် အတွက် အဖွဲ့ဝင်နိုင်ငံများအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များကို တိကျစွာသတ်မှတ်ထားသည်။ ယင်းသို့ သတ်မှတ်ထားသည့် ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များကိုလည်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများက ကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။

ဘင်းမ်စတက်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ခရီးသွား လုပ်ငန်းကဏ္ဍသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာ ကောင်းမွန်လျက်ရှိသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွန်းနိုင်ပြီး ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေကိုလည်း တိုးမြှင့်စေရန် ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်ကို ဘင်းမ်စတက် ခရီးသွားနှစ်အဖြစ်သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ကြိုဆိုလျက် ရှိသည်။ မြန်မာနိုင်ငံသည် သဘာဝတောတောင်ရှုခင်းများဖြင့် သာယာလှပသည့်အပြင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြည့်စုံကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ထို့အပြင် ကမ္ဘာကျော်ထင်ရှားသည့် ကျောက်မျက်ရတနာများထွက်ရှိမှု၊ လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်နိုင်မှုတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး သန္နိဋ္ဌာန်ချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား လမ်းပန်းဆက်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ခြင်းသည် ဒေသတွင်းကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှုများ တိုးတက်လာရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံသည် အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးလျက်ရှိသည်။ အဆိုပါ အဝေးပြေးလမ်းမကြီးသည် အိန္ဒိယနိုင်ငံ မိုရေးမှအစပြု၍ မြန်မာနိုင်ငံအတွင်း ပုဂံဒေသကိုဖြတ်သန်းကာ ထိုင်းနိုင်ငံ မဲဆောက်အထိ ဆက်သွယ်သွားမည်ဖြစ်သည်။

ဘင်းမ်စတက်အဖွဲ့သည် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများအကြား အရေးကြီးသည့် ပေါင်းကူးဆက်သွယ်မှု တစ်ခုဖြစ်သည်နှင့်အညီ ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုဒေသ တစ်ရပ် ထူထောင်နိုင်ခဲ့သည်။ ယင်းသို့ လွတ်လပ်သော ကုန်သွယ်မှု ဒေသတည်ထောင်နိုင်မှုကြောင့် ကုန်ကျစရိတ်များသက်သာပြီး ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ တိုးပွားလာကာ ဒေသတွင်းစွမ်းဆောင်နိုင်မှုများ ပိုမိုတိုးမြင့်လာစေမည်ဖြစ်ပေသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပခဲ့သည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘော အစည်းအဝေးက ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို အတည်ပြုနိုင်ခဲ့သည်။

သို့ဖြစ်ရာ ပြည်သူများ၏ ဖွံ့ဖြိုးရေးနှင့် တိုးတက်သာယာဝပြောရေးအတွက် ရည်ရွယ်မျှော်မှန်း ဖွဲ့စည်းထားသော ဘင်းမ်စတက်အဖွဲ့ကြီး အောင်မြင်စွာ ရပ်တည်နိုင်ရေးအတွက် မြန်မာနိုင်ငံအပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအားလုံးက အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာသန္တိသုခ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၂

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ ဂေါပက အလုပ်အမှုဆောင်အဖွဲ့၊ ပညာရေးနှင့်သင်ကြားပို့ချရေးကော်မတီ၊ ဝေယျာဝစ္စအမျိုးသမီးအဖွဲ့၊ ကျန်းမာရေးနှင့်လူမှုဝန်ထမ်းရေးရာကော်မတီ၊ ဆရာဟန်၏ အဘိဓမ္မာသင်တန်း၊ တာမွေမြို့နယ် အထက (၄)နှင့် အလှူရှင်များက စုပေါင်းကာ တတိယအကြိမ်မြောက် ဩဝါဒခံယူပွဲနှင့် အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကိုမဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ ဇရပ်ခန်းမဆောင်၌ ဩဂုတ် ၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (က–ပ)

ဝါတွင်းသုံးလ ဆေးဝါးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂

ဝါတွင်းသုံးလ လပြည့်၊လကွယ်နေ့တိုင်း လူမျိုးဘာသာမရွေးဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသ ဆေးဝါးများ လှူဒါန်းပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားဈေးတန်း မိခင်တိုင်းရင်းဆေးတိုက်တွင်(ဝါဆိုလပြည့်) ဇူလိုင်၃၁ရက်က အကြိမ် (၂၀)မြောက် ကျင်းပရာ ဆရာကြီး ဦးမြင့်သောင်းနှင့်အဖွဲ့က နံနက်၉နာရီမှညနေ၃နာရီထိ ဝေဒနာရှင်များအား စမ်းသပ်ကုသပေးကာ ဆေးဝါးများလှူဒါန်းသည်။

ယင်းသို့လှူဒါန်းရာတွင် တိုင်းရင်းဆေး၅၇မျိုးသာမက မိခင်ဆေးတိုက်ထုတ်ဆေးဝါးများပါလှူဒါန်းပြီးဆေးကုသလိုသူများ ဗိုလ်တထောင်ဘုရားဈေးတန်း မိခင်တိုင်းရင်းဆေးတိုက်သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြသည်ဟု သိရသည်။ (၃၁)

လန်တောင်းကျွန်းမှ "စကြာမုနိ" ရုပ်ပွားတော်

* "ဟောင်ကောင်"မှ မြို့ပြင်ခရီး
ကားစီးလို့ အသော့နှင်
ဉမင်ကို ဖြတ်ကျော်ပြီး
တံတားကြီးမြင်၊
ကြိုးဆိုင်းလို့ တစ်မျိုးအသွင်
တွေးအထင် နှစ်မြွာပေါင်း
မေးတင်ကာ ကျွန်းတောင်စောင်း
ဉယျာဉ်သာ ရှုမညောင်း
"ငါးရော" "ကျွန်းလန်တောင်း"
တောင်ထပ်ထပ်ဆောင်း။

* တစ်တောဝင် တစ်တောင်ဆင်း
လမ်းကျဉ်းက ငြိမ့်ငြိမ့်သာ
ကမ်းသာယာ ကွေ့ကာပတ်
တောထပ်ထပ်ကာ၊
တောင်ထွတ်က ရုပ်ပွားထည်ဝါ
ဖူးခါခါ ဘယ်မဝေး
တူးသစ်စ ကန်နံဘေးက
ဖူးလိုက်ရသေး။

* အဝေးကဖူးမြော်ကြည့်
"စကြာမုနိ" ဆင်းတုတော်
မိုးငွေ့တိမ် လိမ်ကာယှက်
ပြက်ပြက်မပေါ်၊
တိမ်မျှင်ပါး ရွေ့လျားကော်ရော်
ရှိပူဇော် ပမာအလား
မြတ်စိန္တေ ရှင်တော်အပါး
တရွေ့ရွေ့သွား။

* "အဘယ" "လာဘ"နှစ်ပါး
ထင်ရှားတဲ့ မုဒြာ
ကျွန်းပတ်ခြာ မြို့ရွာတိုင်း
မုန်တိုင်းကင်းကွာ၊
ဒေသက အများသူငါ
ယုံကြည်စွာ ပူဇော်ကိုး
"လန်တောင်း"နယ်"ဟောင်ကောင်"တစ်ရိုး
ပူဇော်ရိုကျိုး။

* တောင်ခြေကို ဝဲယာကြည့်
စိမ်းစိုသည့် ဉယျာဉ်သဏ္ဌာန်
မြူမထန် ကြည်လင်လှ
မှန်ပြပြဟန်၊
ဆွမ်းဆီမီး ပန်းမကျန်
ပူဇော်ဟန် သဒ္ဓါပွား
အပါးမှာ ရုပ်တုများ
ကြီးမားခံ့ညား။

* "ပိုလင်"ခေါ် ကျောင်းတော်ဦးက
မျှော်ဖူးရ တစ်ဖန်တစ်ခါ
ကိုယ်လုံးသာ ရုပ်လုံးကြွ
ဖူးရပြန်ကာ၊
ရင်တွင်းက ကြည်ညိုသဒ္ဓါ
ဖန်ခါခါ ဖူးချင်မိ
ဖရဏာရွှင်ပီတိ
ရင်မှာအပြည့်။

* ကြေးညိုရောင် ခံ့ထည်လှ
ဖူးမဝ ကြည်ညိုစရာ
အံ့ဖွယ်ရာ ပမာဏ
တုမရနိုင်ပါ၊
"ဟောင်ကောင်"မှ နှုတ်ဆက်ထွက်ခွာ
ဝေဟင်မှာ လေယာဉ်အတက်
ငဲ့စောင်းကာ လက်စုံယှက်
ဖူးတသက်သက်။ ။

ကျော်စောဟန်
(၂၄-၇-၂၀၀၄)

ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

ရန်ကုန် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုများကို ပညာရေးပြက္ခဒိန် ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ၂၀၀၄ခုနှစ် ဩဂုတ် ၉ ရက်မှ ၁၃ ရက်အထိ သတ်မှတ်ထားသဖြင့်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိအခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေး လုပ်ငန်းရပ်များကို ကြပ်မတ်ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာမှနှိုးဆော်ထားသည်။

(သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ မွန်မြတ်သောစေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် ကျပ်တစ်သောင်းနှင့် အထက်အလှူရှင်များ အကြိမ်(၂၀) မြောက် ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲကို ဩဂုတ် ၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၃ ခုနှစ် မေ ၁၅ ရက်မှ ဇွန်၊ ဇူလိုင်လအတွင်း လှူဒါန်းခဲ့ကြသော ငွေပဒေသာပင်အလှူရှင်များ အနေဖြင့် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သိရှိရတနာခန်းမ အပေါ်ထပ်(ဓမ္မာရုံ)သို့ ကြွရောက်ကြပါရန် နှင်းဆီကုန်းဘိုးဘွား ရိပ်သာအုပ်ချုပ်ရေးအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားသည်။

(က–ပ)

ပညာ

ပညာ

၂၀၀၄–၂၀၀၅ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

လယ်သမားကြီးများအတွက် လက်ဆောင်မွန်

ရွှေတမာ(စိုက်ပျိုးရေး)

စပါး သုတေသီပညာရှင်တွေက စပါး အထွက်တိုးအောင် အမျိုးမျိုး ကြိုးစားနေကြပါတယ်။ နည်းလမ်း အသွယ်သွယ်လည်း ရရှိနေကြပါပြီ။ ဒီအထဲက စပါးကို စိုက်နည်းစနစ်ကလေး ပြောင်းစိုက်လိုက်ရုံနဲ့ အထွက်တိုးစေတဲ့နည်းကို လက်ဆောင်ပါးလိုက်ချင်ပါတယ်။ မူလအထွက်ထက် တစ်ဝက်ကနေ တစ်ဆကျော် ထပ်တိုးစေပါတယ်။ တစ်ဧကတင်း ၆၀ ထွက်တဲ့ လယ်ဟာ တင်း ၉၀ ကနေ ၁၂၀ ကျော် ထွက်ပါသတဲ့။ ဒီစိုက်နည်းစနစ်ကို စတင် သုတေသနပြုဖော်ထုတ်သူက အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေး ဖွံ့ဖြိုးမှုဌာန CIIFAD, CORNELL မှ ပါမောက္ခ နော်မန်ဥဖော့ Norman Uphoff ဖြစ်ပါတယ်။ သူက လုပ်ကွက်ငယ် တောင်သူများ ဝင်ငွေတိုးဖို့ ရည်ရွယ်ခဲ့တာမို့ သဘာဝမြေသြဇာကိုပဲ သုံးပါတယ်။ ဒီနည်းစနစ်ဟာ ကောင်းမွန်ပြီး သိပ္ပံနည်းကျတာကြောင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) က ဓာတ်မြေသြဇာပါ ထည့်သွင်းအသုံးပြုနည်းကို ထပ်မံ သုတေသနပြုဖြန့်ဝေခဲ့ပါတယ်။ နိုင်ငံအများမှာ စမ်းသပ်ပြီး အောင်မြင်လို့ ကျင့်သုံးနေကြပါပြီ။ မြန်မာနိုင်ငံမှာလည်း စတင်နေပါပြီ။ ဒီစနစ်ကို

- လယ်မြေလုပ်ကွက်ငယ်သာရှိတဲ့ လယ်သမားများ၊
- ရေထုတ်၊ ရေသွင်းပြုလုပ်နိုင်တဲ့ လယ်မြေများမှာ ကျင့်သုံးဖို့ ပညာရှင်တွေ ထောက်ခံထားပါတယ်။

ဒီစိုက်နည်းစနစ်ကို S.R.I (System of Rice Intensification)လို့ ခေါ်ပါတယ်။ ပျိုးသက်နုနု ကောက်ပင်ကို အထူးဂရုပြုစောင့်ရှောက်မှု ပေးပြီး စိုက်ပျိုးသွားရတဲ့ စိုက်နည်းစနစ်မို့ "ပျိုးသက်နု စပါးစိုက်ပျိုးနည်း"လို့ ခေါ်တွင်ပါတယ်။ ဒီစနစ်မှာ–

- ကောက်ပင်ကို ပျိုးသက်နုနုလေးမှာစိုက်တယ်၊
- လက်ဆက ကောက်ကွက်တစ်ကွက် တစ်ပင်တည်း၊
- စိုက်တော့ကျဲကျဲ စိုက်ရမယ်၊
- ရေကိုလည်း စိုတစ်လှည့်၊ ခြောက်တစ်ခါ လုပ်ပေးရမယ်၊
- ပေါင်းကိုတော့ လက်တွန်းပေါင်းလိုက်ကိရိယာနဲ့လိုက်မှ ကြိုက်တယ်တဲ့၊ ပေါင်းလည်းရှင်း၊ သမန်းလည်း နိုးစေတာပေါ့၊
- သဘာဝမြေသြဇာကို အားပြုသုံးတယ်။ ပိုးမွှားရောဂါအတွက်တော့ ဘက်စုံပိုးမွှားကာကွယ်ရေးစနစ် (IPM)ကို သုံးရမယ်တဲ့၊

လုပ်ငန်းစဉ်က ဒါပါပဲ။ သဘောကျဖို့ကောင်းတာက စပါးမျိုးစေ့ကို တောင်သူကြိုက်တဲ့ သုံးနေကျမျိုး သုံးပါတဲ့၊ ဒါပေမယ့် အမြစ်အားကောင်းပြီး ပင်ပွားများတဲ့မျိုးကိုသုံးဖို့ အကြံပြု ထောက်ခံထားပါတယ်။ မျိုးစေ့တစ်ဧကနှုန်းထားကတော့ သမားရိုးကျတစ်တင်းခွဲ၊ နှစ်တင်းမဟုတ်ပါဘူး။ သုံးပြည် (၃ ဒသမ ၉) ကီလိုဆိုရင် လုံလောက်ပါတယ်။

ပျိုးသက်နုနု၊ လက်ဆနည်းနည်းနဲ့ ရေသွင်း၊ ရေထုတ် မှန်မှန်လုပ်ရင် ကောက်ကွက်ကျဲသော်လည်း အထွက်ရတယ်ဆိုတော့ ဒီစိုက်နည်းစနစ်ဟာ **မိတ်ဆွေလယ်သမားကြီးများအတွက် ကောင်းသော လက်ဆောင်မွန်**တစ်ခုပါပဲ။ မိတ်ဆွေလည်း ဒီစိုက်နည်းစနစ်ကို နှစ်ခြိုက်သဘောကျရင် ဒီဆောင်းပါးလေးကိုပွားပြီး တောင်သူလယ်သမားများကို လက်ဆင့်ကမ်းကူသိုလ်ပြုနိုင်ပါတယ်။

ပျိုးသက်နုစပါး စိုက်ပျိုးနည်း အဆင့်ဆင့်ကတော့–

ပျိုးထောင်ခြင်း

- အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)က ထောက်ခံထားတဲ့ 'ပျိုးခင်းဖျာ–စပါးပျိုးထောင်နည်း' (Modified Rice Mat Nursery) နဲ့ ပျိုးထောင်ရင် အကောင်းဆုံးပါပဲ။ **(အပေါ်ပုံ)**
- ပျိုးပေါင်ကို မြေပြင်အထက် လေးလက်မအမြင့်တွင် ပြုလုပ်ပါ။ ပလတ်စတစ် (သို့မဟုတ်) ငှက်ပျောဖက် (သို့မဟုတ်) မြွေရေခွံအိတ်ကို ပေါင်ပေါ်မှာ ခင်းပါ။
- နှစ်လက်မ အမြင့်ရှိတဲ့ (၄x၂)ပေ သစ်သားပေါင်မှာ (၂x၁)ပေ အကွက်လေးကွက်ပြုလုပ်ပြီး၊ ဖျာပေါ်မှာချထားပါ။
- မြေဆွေး၊ ဖွဲပြာ၊ နွားချေးခြောက်အမှုန့်တို့နဲ့ (၂:၂:၁)ရောစပ်ထားတဲ့ မြေဆွေးကို ပေါင်များတွင် ခပ်မာမာဖြည့်ပါ။
- တောင်သူ ပျိုးဖောက်နည်းစနစ်အတိုင်း မျိုးဖောက်ထားသော စပါးစပ်ပြုစပါးမျိုးစေ့များကို ပေါင်များတွင် ခပ်ပါးပါးချပြီး အထက်ပါ ရောစပ် မြေဖြင့် ဖုံးအုပ်ပေးပါ။ ၎င်းနောက် ရေဖျန်းခရားဖြင့် ရေလောင်းပေးပါ။
- တစ်ပေါင်ပြီးလျှင် သစ်သားပေါင်ကို ရွှေ့ပြီးဆက်၍ ပြုလုပ်သွားခြင်းဖြင့် လေးကွက်ကြား ပျိုးပေါင်များရရှိပါလိမ့်မယ်။ တစ်ဧကအတွက် လေးပေအကျယ်၊ ပေါင်အရှည်ပေ ၁၄၀ လိုအပ်ပါတယ်။
- မိုးမရွာလျှင် တစ်နေ့ နှစ်ကြိမ်ရေဖျန်းပေးပါ။ ယူရီးယားမြေသြဇာကို လေးဂါလန်ဝင် တစ်ပုံးမှာ ဇွန်းကြီး လေးဇွန်းထည့်ဖျော်ပြီး ဖျန်းပါ။
- ပိုးမွှားရောဂါကျရောက်မှုမှ ကာကွယ်ပါ။ အထူးသဖြင့် ဆစ်ပိုးရောဂါ ကာကွယ်ဆေးကို ပျိုးပင်တစ်ပတ်သားကျော်ရင် ဖျန်းပေးဖို့ မမေ့ပါနဲ့။ ဆစ်ပိုးအမကြီးက ပျိုးပင်ငယ်မှာ လာပြီးဥချတတ်ပါတယ်။

မြေပြင်ခြင်း

- လယ်ကွင်းကို သာမန်စပါးစိုက်ပျိုးနည်းအတိုင်း သမန်းညက်အောင် မြေပြင်ပါ။
- နွားချေး/ကြက်ချေး၊ သဘာဝမြေသြဇာကို မြေခံထည့်ပါ။ တစ်ဧကမှာ အနည်းဆုံးပုံး ၁၀၀ ထည့်သင့်ပါတယ်။ တောင်သူတွေ သုံးနေကျ ဘိုကာရှိ ခြောက်ပုံးခန့် ထပ်ထည့်ရင် ပိုကောင်းပါတယ်။
- တီစူပါ(Tsp) အိတ်ဝက်နဲ့ ပိုတက်(K) လေးပုံတစ်ပုံကို မြေခံအဖြစ် ထည့်ပါ။ ယူရီးယားကတော့ တစ်အိတ်လိုအပ်ပါတယ်။
- အကယ်၍ သဘာဝမြေသြဇာမထည့်ရင် ဖော်ပြပါဓာတ်မြေသြဇာ အချိုးကို တစ်ဆစီတိုးထည့်ပါ။

- တမန်းအိပ်လျှင် (၁၀x၁၀)လက်မ (သို့မဟုတ်) (၁၂x၁၂) လက်မ လေးထောင့်ကွက်များကို ကြိုး(သို့မဟုတ်) ထွန်ခြစ်နဲ့ဖော်ပြီးရင် စိုက်ဖို့ အသင့်ဖြစ်ပါပြီ။ **(အပေါ်ပုံနှင့်အောက်ပုံ)**



စိုက်ပျိုးခြင်း

- ဖျာ ပျိုးပေါင်မှ ပျိုးပင်များကို ပျိုးသက် ၈ ရက်မှ ၁၅ ရက်အတွင်း စိုက်ပျိုးပါ။ ၁၅ ရက်ထက် မကျော်ပါစေနဲ့။
- ပျိုးပေါင်ကနုတ်ပြီးရင် နာရီဝက်အတွင်းစိုက်ပါ။
- သန်စွမ်းသောပျိုးပင်များကို တစ်ပင်ချင်းစိုက်ပျိုးရပါမယ်။ အကွက်ဖော်ထားသော မျဉ်းဆုံတွင် အသာအယာစိုက်ရုံပါပဲ။ ပျိုးပင်အနက် တစ်လက်မ (သို့မဟုတ်) လက်တစ်ဆစ်ထက် ပိုမနက်စေရပါဘူး။
- စိုက်ပျိုးပြီးစအချိန်မှာ စိုက်ခင်းကိုကြည့်ပြီး အားမရဖြစ်တတ်ပါတယ်။ စိတ်ရှည်သည်းခံပြီး စိုက်ခင်းကိုကြည့်နေရင်းက ၁၄ ရက်သားကျော်လာရင် ကောက်ပင်တွေ ပွားလာတာ မယုံနိုင်စရာတွေ့ရပါလိမ့်မယ်။

ရေသွင်း၊ ရေထုတ်ခြင်း

- ကောက်လှန်ပြီးချိန်မှစပြီး ရေသွင်း၊ ရေထုတ်ပြုလုပ်ရပါမယ်။ (၄–၅) ရက် တစ်ကြိမ်စီ ရေသွင်းခြင်း၊ အခြောက်ထားခြင်းတို့ ပြုလုပ်ပါ။ အခြောက်ထားခြင်းဖြင့် ပင်ပွားတိုးစေပါတယ်။
- မှို့ကပ်ချိန်ရောက်ရင်တော့ရေတစ်လက်မခန့် အမြဲသွင်းပေးပါ။ ရိတ်သိမ်းရန် ၁၅ ရက်အလိုမှာ ရေခါပြီး ရိတ်သိမ်းနိုင်ပါပြီ။

ပေါင်းလိုက်တမန်းနှိုးခြင်း

ဤစိုက်စနစ်တွင် ပေါင်းလိုက်သမန်းနှိုးခြင်းဟာ အရေးကြီးပါတယ်။ ကြားပေါင်းလိုက်ကိရိယာကို မဖြစ်မနေ သုံးပါ။ မှို့ကပ်ချိန်အထိ အနည်းဆုံး လေးကြိမ်ပေါင်းလိုက်တမန်းနှိုးပါ။

မြေသြဇာကျွေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်း

ယူရီးယားဓာတ်မြေသြဇာကို ကောက်လှန်ချိန်၊ အပင်ပွားစီးချိန်၊ မှို့ကပ်ချိန်တို့တွင် သုံးကြိမ်ကျွေးပါ။ (သို့မဟုတ်) အရောင်တိုင်းကတ်ပြား (LCC) သုံးပြီး ဆာမှကျွေးသောစနစ်ဖြင့် ကျွေးပါ။

အပင်နဲ့ ပင်စည်ဖြစ်ထွန်းမှုပေါ်မူတည်ပြီး ပိုတက်(K)နဲ့ အနည်းလို အာဟာရများကို ဖြည့်စွက်စာအဖြစ် ကျွေးရပါမယ်။

ပိုးမွှားရောဂါကျရောက်မှုကို အမြဲကင်းထောက်စစ်ဆေးပြီး ဘက်စုံပိုးမွှား ကာကွယ်ရေးစနစ် (IPM)ကို ဆောင်ရွက်သွားရပါမယ်။

တွေ့ရှိချက်များ

ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ်သည် ဂရုပြုစောင့်ရှောက်မှု(Intensive Care) များသလို အထွက်နှုန်းလည်း အံ့သြလောက်အောင် တိုးပါတယ်။ သုတေသနစမ်းသပ်ချက်များအရ အောက်ပါအတိုင်း တွေ့ရပါတယ်။

နိုင်ငံတကာ စမ်းသပ်တွေ့ရှိချက်

စပါးအထွက်နှုန်း(တင်း/ဧက)

နိုင်ငံအမည်	စိုက်စနစ်ဟောင်း	SRI စိုက်စနစ်
မာဒါဂါစကာ	၄၀– ၅၀	၁၄၀ – ၁၈၀
တရုတ်(နန်ကျင်းတက္ကသိုလ်)ရိုးရိုးမျိုး	–	၁၈၄ – ၂၁၀
ကမ္ဘောဒီးယား	၄၀	၁၁၀ – ၁၂၀
ဖိလစ်ပိုင်(ဒေသမျိုး)	၄၀	၂၀၀ –
(အထွက်တိုး)	၁၁၀	၁၅၀ –
သီရိလင်္ကာ	၇၀	၁၆၀ –
ဘင်္ဂလားဒေ့ရှ်	၇၀	၁၃၀ – ၁၅၀
လာအို	၆၀	၇၂ –
ကျူးဘား	၁၁၀	၁၅၈ –

Source: Norman Uphoff; Cornell International Institute for Food (CIIFAD)

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်နှင့် ကချင်ပြည်နယ်တွင် စမ်းသပ်တွေ့ရှိချက်

စပါးမျိုး	ပျမ်းမျှအနံ့ပါ ပင်ပွား	အထွက်နှုန်း (တင်း/ဧက)
ဆင်းရွှေဝါ	၁၅	၉၀
ဆင်းဧကရီ(၃)	၃၈	၁၂၈
ခေါက်လှိုင်(ဒေသမျိုး)	၁၅	၆၁
ခေါက်ယွေး(ဒေသမျိုး)	၁၇	၈၅
ခေါက်ကွန်းလ(ဒေသမျိုး)	၁၂	၇၅
ခေါက်နိုကျန်(ဒေသမျိုး)	၁၇	၉၉

ကျေးရွာအမည်	လယ်သမားပေါင်း	ပျမ်းမျှအထွက် (တင်း/ဧက)
နောင်ခရမ်း	၂၄	၁၀၀
ဆယ်မိုင်	၁၃	၁၀၈
ရှစ်မိုင်	၁၃	၁၀၈
စိုင်းရောပါ	၁၄	၁၅၀
ရှုး	၁၂	၉၈
ဂရာယန်	၂၁	၁၅၀

Source: Norman Uphoff မှတ်ချက်။ ။ သဘာဝမြေသြဇာများဖြင့်သာ အသုံးပြုစမ်းသပ်ချက်များ ဖြစ်ပါသည်။

ဒီလိုအထွက်နှုန်းတွေ တိုးရခြင်းရဲ့ အကြောင်းရင်းတွေကတော့–

- **ပျိုးသက်နုနုစိုက်တော့ အပင်ပွားချိန်ပိုရတယ်။**
- **ပျိုးပင်ကို မနာအောင် ခွဲယူနိုင်ပြီး နာရီဝက်အတွင်း စိုက်တော့ သမားရိုးကျ ပျိုးနုတ်၊ ပျိုးခါ၊ ပျိုးသယ်ခြင်းတို့ကြောင့် အမြစ်ဟောင်းသေခြင်း၊ ပျိုးမြစ်ဆုံ (Root Crown)နာခြင်းတို့မှ ကင်းစေတယ်။ အမြစ်ဟောင်းက ဆက်အလုပ်လုပ်နိုင်သလို အမြစ်သစ်ကလည်း မြန်မြန်ထွက်နိုင်တယ်။ ကောက်ပင်လှန်ချိန် စောစေတယ်။**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

ဒီစိုက်နည်းစနစ်ကို သင်နှစ်သက်လျှင် လယ်တစ်ကွက်လောက်တော့ စမ်းစိုက်ကြည့်ပါ။ အနည်းဆုံး ဆယ်ပေပတ်လည် စမ်းသပ်ကွက် တစ်ကွက်လောက်ပေါ့။ အံ့သြဖွယ်ကောင်းလောက်အောင် ပင်ပွားတွေများပြီး အထွက်နှုန်းတိုးတာ တွေ့ရပါလိမ့်မယ်။

ကားဗုံး ပေါက်ကွဲ

ဇူလိုင် ၂၈ ရက်က ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ယာဉ်တစ်စီး၏ အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဂျွန်ကယ်ရီ နိုင်လျှင်လည်း အီရတ်သို့ ဂျာမနီတပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ဟု ဆို

ဘာလင် ဩဂုတ် ၁

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဂျွန်ကယ်ရီက သမ္မတဂျော့ဂျ်ဘုရှ်အား အမေရိကန် သမ္မတရွေးကောက်ပွဲတွင် နိုင်လျှင် အီရတ်နိုင်ငံတွင် တပ်ဖွဲ့ဝင်များ မထားရှိရေးဟူသော ဂျာမနီနိုင်ငံ၏ မူဝါဒသည် ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး ယင်းကိစ္စများအတွက်လည်း ဖိအားပေးနေဦးမည်ဖြစ်ကြောင်း ထိပ်တန်းဂျာမနီတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စနေနေ့တွင် ပြောကြားလိုက်သည်။

နိုဝင်ဘာ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ အနိုင်ရရှိပါက ဖော်ပြပါ တပ်ဖွဲ့ဝင်ကိစ္စနှင့် ပတ်သက်၍ အီရတ်နိုင်ငံတွင် ပိုမိုကြီးမားသည့် အခန်းကဏ္ဍမှ ပါဝင်ရန် တိုးမြှင့်ဖိအားပေးမည်ဖြစ်ကြောင်း၊ ဂျာမနီအစိုးရက ဂျွန်ကယ်ရီအား ကြိုတင်ပြောကြားမည်ဖြစ်ကြောင်း ဂျာမနီအစိုးရ၏ အမေရိကန် မူဝါဒဆိုင်ရာ ညှိနှိုင်းရေးမှူး ကာစတင်းက ဂျာမနီသတင်းစာတစ်စောင်အား ပြောကြားသည်။

ဂျာမနီအစိုးရက စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံတွင် ဖြန့်ကြက်မှု မပြုကြောင်း ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အမေရိကန် ရွေးကောက်ပွဲ၏ အနိုင်အရှုံးနှင့် သက်ဆိုင်မှုမရှိဘဲ ယခင်မူဝါဒအတိုင်း ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ကာစတင်းက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ် လျော့ပါးသက်သာစေရေးနှင့် အမေရိကန်၏ အပေါင်းပါ တပ်ဖွဲ့ဝင်များက ဝန်ထုပ်ဝန်ပိုးများ မျှတခွဲယူနိုင်ရေးအတွက် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ခံရသည့် သမ္မတတစ်ဦး အမေရိကန်ပြည်ထောင်စုတွင် ရှိနေရန် လိုအပ်ကြောင်း ကယ်ရီက ဘော့စတွန်မြို့တွင် ကြာသပတေးနေ့က ပြောကြားခဲ့သည်။

အီရတ်စစ်ပွဲအား တစ်စိုက်မတ်မတ် ဆန့်ကျင်ခဲ့သည့် ဂျာမန်ဝန်ကြီးချုပ် ရှရိုးဒါးက အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ ဖိအားပေးမှုကို ငြင်းဆန်ခဲ့သည်။

အီရတ်တွင် နိုင်ငံစုံတပ်ဖွဲ့ ထားရှိရေး အယူအဆနှင့် စပ်လျဉ်းသည့် ကယ်ရီ၏ ကတိကဝတ်ပြုမှုများကို ကြိုဆိုကြောင်း၊ ကယ်ရီက ဥရောပနိုင်ငံများမှ စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များ ပိုမိုတောင်းဆိုလာခဲ့ပါက မိမိ အံ့ဩမှု မရှိကြောင်းဖြင့် ကာစတင်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိသျှတပ်ဖွဲ့ဝင်များ စစ်ရာဇဝတ်မှုကျူးလွန်ခဲ့

လန်ဒန် ဩဂုတ် ၁

ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်စစ်ပွဲလွန်ခေတ်တွင် စစ်ရာဇဝတ်ပြစ်မှုများ ကျူးလွန်ခဲ့ကြပြီး အရပ်သားများအား ဥပဒေမဲ့ရိုက်နှက်၊သတ်ဖြတ်ခဲ့ကြကာ အီရတ်အကျဉ်းစခန်းမှ အကျဉ်းသားများကိုလည်း နှိပ်စက်ကလူပြုခဲ့ကြကြောင်း ဒုက္ခသည်များ၏ ရှေ့နေများက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ ကြိုက်နှစ်သက်သည့် နှိပ်စက်နည်းတစ်ခုမှာ တပ်ဖွဲ့ဝင်များက အကျဉ်းသားအား ဝိုင်းထားပြီး တစ်လှည့်စီအကျဉ်းသားအား ၎င်းတို့ခြေထောက်ဖြင့် မည်မျှပြင်းပြင်းထန်ထန် ကန်နိုင်သနည်းဟု စမ်းသပ်သည့် နှိပ်စက်နည်းဖြစ်ကြောင်း ရှိုင်းနားက ပြောကြားသည်။

ပျက်စီးနိုင်

ယင်းသို့သော ကိစ္စရပ်များက အခြေခံလူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဥပဒေ ပြဿနာများအဖြစ်ပေါ်ပေါက်စေသည်။ ယင်းနှိပ်စက်ညှဉ်းပန်းမှုများအား ထိန်းချုပ်မှု မပြုဘဲတာဝန်ယူမှုလည်း မရှိပါက တရားဥပဒေစိုးမိုးရေး လုံးဝပျက်စီးသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရှိုင်းနားသည် ပြည်သူ့အကျိုးဆောင်ရှေ့နေတစ်ဦးဖြစ်ပြီး အီရတ်စစ်ပွဲလွန်ခေတ်တွင် ဥပဒေမဲ့သတ်ဖြတ်မှု သို့တည်းမဟုတ် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှု စသည့်အမှု ၃၇ မှုအား ကိုင်တွယ်ဆောင်ရွက်နေသူဖြစ်သည်။

၎င်းပြစ်မှုများတွင် နေ့စဉ်ဘဝဝမ်းရေးအတွက် ရှာဖွေစားသောက်နေသူ အီရတ်နိုင်ငံသားငါးဦးကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့သည့်ကိစ္စလည်း အပါအဝင်ဖြစ်သည်။

ကြိုဆိုလက်ခံ

အခြားအမှုတစ်မှုမှာ အကျဉ်းစခန်းကျနေစဉ်အတွင်း ရက်စက်စွာရိုက်နှက်ခံရင်း သေဆုံးခဲ့သည့် ဟိုတယ်ကြိုဆိုလက်ခံရေးအမှုထမ်းတစ်ဦးဖြစ်သူ ဘာဟာမူဆာသေဆုံးခဲ့မှုပင် ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ် နိုင်ငံရေးညီလာခံ ရက်ရွှေ့ဆိုင်းရန် ကုလသမဂ္ဂ မေတ္တာရပ်ခံထား

ဘဂ္ဂဒက် ဩဂုတ် ၁

အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ကုလသမဂ္ဂမှ ဖိအားပေးမှုကို အလျှော့ပေးပြီး ယခုသီတင်းပတ် အကုန်ပိုင်းတွင် စတင်ကျင်းပမည့် နိုင်ငံရေးညီလာခံကို ရက်ရွှေ့ဆိုင်းရန် သဘောတူညီလိုက်သည့်အတွက် အီရတ်နိုင်ငံ၏ လျော့ရိလျော့ရဲ နိုင်လှသည့် နိုင်ငံရေးလုပ်ငန်းစဉ်မှာ ယမန်နေ့က အခက်အခဲတစ်ရပ်နှင့် ရင်ဆိုင်နေရပြန်သည်။

မိမိ၏ ကိုယ်စားလှယ်လောင်းများသည် အသက်အန္တရာယ် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားကာ အဓိက ဆွန်နီနိုင်ငံရေးပါတီကြီးတစ်ခုက ညီလာခံမှ ရုပ်သိမ်းသွားပြီးနောက် နာရီပိုင်းအကြာမှာပင် နိုင်ငံရေးညီလာခံကို ရက်ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စောစောပိုင်း သုံးရက်ခန့်ကမှ ညီလာခံကျင်းပရေးကို လှုံ့ဆော်စည်းရုံးနေသည့် ကာ့ဒ်လူမျိုး နိုင်ငံရေးသမားတစ်ဦးဖြစ်သူ မာဆမ်က ညီလာခံကျင်းပရေးနှင့် ပတ်သက်၍ ပြဿနာများရှိသည်ဆိုခြင်းကို ပယ်ချခဲ့ပြီး ညီလာခံကို မူလစီစဉ်ထားသည့်အတိုင်း စတင်ကျင်းပမည်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။ သို့ရာတွင် ကြုံတွေ့ရသည့် ပြဿနာများမှာ အလွန်ဆိုးရွားကြောင်း ၎င်းက ယမန်နေ့တွင် ထုတ်ဖော်ဝန်ခံခဲ့သည်။

အီရတ်လူ့အဖွဲ့အစည်းအတွင်းမှ နယ်ပယ်အသီးသီးနှင့် စေ့စပ်ဆွေးနွေးမှုများ ဆက်လက်လုပ်နိုင်ရန်အတွက် ညီလာခံကို သီတင်းနှစ်ပတ် ရက်ရွှေ့ဆိုင်းရန် ကုလသမဂ္ဂက မိမိတို့အား မေတ္တာရပ်ခံထားကြောင်း ၎င်းက ပြောကြားသည်။ ထို့ကြောင့် အဆိုပါညီလာခံကို ဩဂုတ် ၁၅ ရက်၌ ပြန်လည်ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံသည် အီရတ်ပြည်သူများကို ကိုယ်စားပြုသင့်သည်ဟု မိမိတို့ သန္နိဋ္ဌာန်ချထားကြောင်း ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲများကို လာမည့် ဇန်နဝါရီလတွင် ကျင်းပရန် စီစဉ်ထားသည်။ သို့ရာတွင် ယခုအခါ၌မူ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မှာ မရေမရာ ဖြစ်နေပုံရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရေး ဘင်္ဂလားဒေ့ရှ်ပယ်ချ

ဒါကာ ဩဂုတ် ၁

အီရတ်နိုင်ငံ တပ်ဖွဲ့ဝင်များအား စေလွှတ်ရန် မကြာသေးမီက ဆော်ဒီအာရေဗျ၏ မေတ္တာရပ်ခံချက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပယ်ချခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒါကာမြို့တွင် စနေနေ့က ပြောကြားသည်။

ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး ဆော့ဒ်အယ်လ်ဖိုင်ဆယ်သည် ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ မော်ရိုကို၊ အယ်လ်ဂျီးရီးယားနှင့် တူနီးရှားနိုင်ငံ အပါအဝင် မွတ်စလင်နိုင်ငံ ခုနစ်နိုင်ငံမှ သံတမန်များနှင့် ရီယတ်မြို့တွင် မကြာသေးမီက အလွတ်သဘော ဆွေးနွေးခဲ့ပြီး အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးစဉ်းစားပါရန် ၎င်းတို့အား မေတ္တာရပ်ခံခဲ့သည်ဟု ဆော်ဒီအာရေဗျ နိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အပါအဝင် အဆိုပါသံတမန်များသည် ဆော်ဒီ၏ မေတ္တာရပ်ခံချက်ကို အဆိုးဘက်မှ တုံ့ပြန်ကြပြီး ယင်းကိစ္စအား အစ္စလမ္မစ်ညီလာခံအဖွဲ့နှင့် အာရပ်အဖွဲ့ချုပ်ကဲ့သို့သော ဆွေးနွေးပွဲများ၌တင်ပြရန် အကြံပေးခဲ့ကြောင်း ယင်းသတင်းရပ်ကွက်ကပြောကြားသည်။ ***အင်တာနက်။***

အယ်လ်ဘေးနီးယား တပ်ဖွဲ့ဝင်သုံးဦး အီရတ်တွင် မိုင်းထိမှန်

တီရာနာ ဩဂုတ် ၁

ယမန်နေ့က အီရတ်နိုင်ငံတစ်နေရာတွင် မိုင်းတစ်လုံး ပေါက်ကွဲခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့တွင် တာဝန်ထမ်းနေကြသော အယ်လ်ဘေးနီးယား ကွန်မန်ဒိုတပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်ဘေးနီးယား ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဆေးဝါးကုသ

အပေါင်းပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကားဖြင့်ကင်းလှည့်နေကြစဉ် မိုဆိုးလ်မြို့ လေဆိပ်အနီးအရောက်တွင် မြေမြှုပ်မိုင်း ထိမှန်ခံရခြင်းဖြစ်သည်။ ထိုပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးနှင့် အယ်လ်ဘေးနီးယား တပ်ဖွဲ့ဝင်သုံးဦးတို့ ဒဏ်ရာရရှိခဲ့ကြကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းကဆိုသည်။ ရရှိသောဒဏ်ရာမှာ ပြင်းထန်ခြင်းမရှိဘဲ ပေါက်ကွဲမှု ဖြစ်ပြီးလျှင်ပြီးချင်းပင် ဆေးဝါးကုသမှု ပေးနိုင်ခဲ့ကြောင်း သိရသည်။

အနည်းငယ်ဒဏ်ရာရ

အယ်လ်ဘေးနီးယား တပ်ဖွဲ့ဝင်များ အီရတ်တွင် ဒဏ်ရာရသောဖြစ်ရပ်မှာ ယခုတစ်ကြိမ်နှင့်ပါဆိုလျှင် ဒုတိယအကြိမ်ဖြစ်သည်။ ပထမအကြိမ်မှာ ၂၀၀၃ ခုနှစ် စက်တင်ဘာလအတွင်းက ဖြစ်သည်။ ထိုစဉ်က ဖြစ်ပွားသော တိုက်ခိုက်မှုတစ်ခုတွင် တာဝန်ကျနေသော အယ်လ်ဘေးနီးယားတပ်ဖွဲ့ဝင် တစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင် ၂၅ ရက်က ဘဂ္ဂဒက်မြို့တော်တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်တွင် ဓားစာခံဖမ်းဆီးမှုများနှင့် ခြိမ်းခြောက်မှု တိုးလာမည်ဟု ခန့်မှန်း

ဝါရှင်တန် ဩဂုတ် ၁

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲ ခြိမ်းခြောက်မှုများ ပို၍ တိုးလာစရာရှိကြောင်း ခန့်မှန်းထားသည်။ အထူးသဖြင့် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲတွင် မပါဝင်သည့် နိုင်ငံများမှ နိုင်ငံသားများကို ဓားစာခံများအဖြစ် တို၍ ဖမ်းဆီးလာစရာ အကြောင်းရှိကြောင်း အမေရိကန် ကာကွယ်ရေးဆိုင်ရာများက တွက်ဆထားကြသည်ဟုဆိုသည်။

ဘဂ္ဂဒက်မြို့၏ အရှေ့ဘက် အဝေးပြေးလမ်းမပေါ်တွင် အမေရိကန် တင့်ကားတစ်စီး တိမ်းမှောက်ရာနေရာ၌ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ ပြန်ပေးသမားများက ဖိလစ်ပိုင်လူမျိုး ဓားစာခံတစ်ဦးကို ဖမ်းဆီးပြီး အီရတ်မှ ဖိလစ်ပိုင်တပ်များ အချိန်မတိုင်မီ ထွက်သွားရန် တောင်းဆိုခဲ့သည်။ ဓားစာခံလွတ်လာစေရန် ဖိလစ်ပိုင်အစိုးရက ထိုတောင်းဆိုချက်ကို လိုက်လျောခဲ့သည်။ ထိုဖြစ်ရပ်က ပြန်ပေးသမားများကို အားပေးအားမြှောက် ပြုသကဲ့သို့ ဖြစ်ခဲ့ရာ လာမည့်လများတွင် ဓားစာခံဖမ်းမှုများ ပို၍ များပြားလာစရာရှိကြောင်း ခန့်မှန်းလာကြသည်။

မကြာသေးမီအချိန်က အီဂျစ်သံရုံးမှ တတိယ အကြီးအကဲအဆင့်ရှိသူ သံတမန်တစ်ဦးကို ပြန်ပေးသမားများက ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ကြသည်။ ၎င်းလွတ်မြောက်ရေးအတွက် ပြန်ပေးငွေများ ပေးပြီးနောက်ပိုင်းတွင်မှ ပြန်လည် လွတ်မြောက်လာကြောင်း သတင်းများ ထွက်ပေါ်လာသည်။ အီဂျစ်သံမန် လွတ်မြောက်လာခဲ့သော်လည်း အခြားဓားစာခံနှစ်ဦးမှာ အဖမ်းခံနေရဆဲဖြစ်သည်။ တောင်းဆိုချက်များကို လိုက်လျောခြင်း မရှိပါက ဂျော်ဒန်လူမျိုး ထရပ်ကားမောင်းသမား ဓားစာခံ နှစ်ဦးကို ကွပ်မျက်ပစ်မည့်အကြောင်း ပြန်ပေးသမားများက ခြိမ်းခြောက်ထားသည်။ ထိုယာဉ်မောင်း နှစ်ဦး၏ အလုပ်ရှင် ဂျော်ဒန်ကုမ္ပဏီကို အီရတ်တွင် လုပ်ကိုင်နေသော လုပ်ငန်းများ ရပ်ဆိုင်းပစ်ရန် ပြန်ပေးသမားများက တောင်းဆိုထားခြင်းဖြစ်သည်။

ပြန်ပေးဆွဲ ဓားစာခံဖမ်းဆီးမှုများမှာ အီရတ်ခုခံရေးသမားများ၏ ပြောင်းလဲလာသော တိုက်ခိုက်ရေးပုံစံတစ်ရပ်ပင် ဖြစ်ကြောင်း ရှုမြင်ထားသည်။ အထူးသဖြင့် အဘူမူဆာအယ်ဇာကာဝီနှင့် ဆက်စပ်နေသော အုပ်စုများ၏ လက်ချက်ဟု ယူဆထားသည်။ ဂျော်ဒန်နိုင်ငံသား ဇာကာဝီကို အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်မှုရှိသူဟု မှတ်ယူထားကြသည့်အပြင် ၎င်းသည် အီရတ်ရှိ အမေရိကန် ဆန့်ကျင်ရေး လှုပ်ရှားမှုများကို နောက်ကွယ်မှ ကြိုးကိုင်နေသူအဖြစ် သုံးသပ်ထားကြသည်။

အီရတ်တွင် အမေရိကန် ဆန့်ကျင်ရေးအဖွဲ့များသည် တိုက်ခိုက်ရေး နည်းဗျူဟာများကို ဧပြီလအချိန်မှစ၍ အမျိုးမျိုး ပြောင်းလဲကျင့်သုံးလာကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်တွင် ဆန့်ကျင်ရေးအင်အားစုနှစ်ရပ်နှင့် ကြုံတွေ့ရသည်။ ဆန့်ကျင်မှု တစ်ခုမှာ အီရတ်နိုင်ငံတောင်ဘက် အလယ်ပိုင်းဒေသရှိ မိုတာဒါဆာဒါ ဦးဆောင်သော ရှီးယိုက်လက်နက်ကိုင်များ၏ ဆန့်ကျင်ရေးအင်အားစုများ ဖြစ်သည်။ အခြား ခုခံတိုက်ခိုက်ရေး အင်အားစုတစ်ခုမှာ အီရတ်နိုင်ငံ မြောက်ပိုင်း ဖော်လူဂျာဝန်းကျင်ဒေသရှိ အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ကို ထောက်ခံသော အင်အားစုများ ဖြစ်သည်။

အီရတ်တောင်ပိုင်း၌ ဖြစ်ပွားသော ဆာဒါဦးဆောင်သည့် ဆန့်ကျင်ထကြွသော လှုပ်ရှားမှုများကို အခွင့်ကောင်းယူ၍ ဖော်လူဂျာ ဆန့်ကျင်လှုပ်ရှားမှုများကို ချိန်ကိုက်ဆောင်ရွက်ကြခြင်း ဖြစ်သည်ဟု အမေရိကန်စစ်ခေါင်းဆောင်များက ယူဆနေကြကြောင်း အမည်မဖော်လိုသူ ကာကွယ်ရေးဌာန အရာရှိတစ်ဦးက ဆိုသည်။ ၎င်းသည် အီရတ်ရှိ ဆန့်ကျင်လှုပ်ရှားမှု အခြေအနေများကို ခွဲခြမ်းစိတ်ဖြာ လေ့လာနေသူတစ်ဦး ဖြစ်သည်။

ဇာကာဝီ အပါအဝင် ခုခံရေးသမားခေါင်းဆောင်များသည် အမေရိကန်နှင့် အပေါင်းပါများက အီရတ်ကြားဖြတ်အစိုးရကို အုပ်ချုပ်ရေးအာဏာ လွှဲပေးသည့် အချိန်အခါအထိ စောင့်ဆိုင်းကြပြီးမှ လှုပ်ရှားကြဟန် ရှိသည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်နှင့် အာဖဂန်နစ္စတန် အခြေအနေ ပိုမိုဆိုးရွားလာ ဗြိတိသျှ ပါလီမန်ကော်မတီ သတိပေးထား

လန်ဒန် ဩဂုတ် ၁

အာဖဂန်နစ္စတန်နှင့် အီရတ်အခြေအနေမှာ ပိုမိုဆိုးရွားလာကြောင်းဖြင့် ဗြိတိသျှ ပါလီမန် ကော်မတီတစ်ရပ်က သတိပေးထားသည်။

ရင်ဆိုင်နေရ

အာဖဂန်နစ္စတန်တွင်း၌ အစိုးရအာဏာ ကျုံ့လာသည့် အန္တရာယ်ရှိပြီး အီရတ်နိုင်ငံမှာမူ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့၏ စစ်မြေပြင် ဖြစ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်းဖြင့် ဗြိတိသျှ အောက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီက သတိပေးလိုက်သည်။

လျှပ်စစ်မီးနှင့် ရေကဲ့သို့သော အခြေခံ လူမှုရေး လိုအပ်ချက် ဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းမပေးနိုင်သည့်အတွက် ဗြိတိန်နိုင်ငံအပေါ် အများ၏ ယုံကြည်လက်ခံနိုင်စွမ်းမှာ ပျက်ပြားရကြောင်းဖြင့် ကော်မတီက ဝေဖန်သည်။

စိုးရိမ်မကင်းဖြစ်

အီရတ်တွင် ခုခံတိုက်ခိုက်ရေး လုပ်ဆောင်ချက်များ ရှင်သန်လျက်ရှိပြီး အစိုးရတပ်ဖွဲ့ဝင်များ အလုံအလောက်မရှိသည့်အတွက် အီရတ်နိုင်ငံ တည်ငြိမ်ရေးမှာ မအောင်မြင်သည့် အခြေအနေသို့ ဆိုက်ရောက်သွားနိုင်ကြောင်း ဗြိတိန် အမတ်များက စိုးရိမ်မကင်းဖြစ်နေကြသည်ဟု ဆို၏။

အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များအား ကူညီကန်ပေးရန် အခြားနိုင်ငံများအနေဖြင့် တပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန် အစိုးရက တိုက်တွန်းအားပေးရန်လည်း ကော်မတီက အကြံပြုထားသည်။ အီရတ်သည် အယ်လ်ခိုင်ဒါတို့၏ စစ်မြေပြင် ဖြစ်လာပြီး အမေရိကန်နှင့် အပေါင်းပါတပ်များက တရားဥပဒေ စိုးမိုးရေးကို မဆောင်ရွက်နိုင်ကြောင်း၊ ထိုနေရာတွင် ရာဇဝတ်ဂိုဏ်းများနှင့် စစ်သွေးကြွများက ဝင်ရောက်လာသည်ဟု ကော်မတီက ဝေဖန်သည်။

အာဖဂန်နစ္စတန်တွင် မူးယစ်ဆေးထုတ်လုပ်မှု ပိုမိုများလာပြီး အစိုးရအာဏာမှာ မြို့တော်ကဘူး၌သာ ကန့်သတ်ခြေဖြတည်ထားကြောင်း၊ စစ်ရေး၊ စီးပွားရေး အကူအညီမပေးလျှင် အာဖဂန်နစ္စတန်နိုင်ငံမှာ ဒုက္ခရောက်သွားနိုင်ကြောင်း ထည့်သွင်းဖော်ပြထားသည်။ ***အင်တာနက်။***

အာရှပြည်သူလူထု အကျိုးဖြစ်ထွန်းရေး မီဒီယာမူဝါဒ ရည်မှန်းချက်အောင်မြင်ရန် ကြိုးပမ်း

ကုလသမဂ္ဂ ဩဂုတ် ၁

အာရှဒေသမှ အသံလွှင့်သူများ အနေဖြင့် ဒေသအတွင်းရှိ ပြည်သူလူထု အကျိုးဖြစ်ထွန်းမှုအတွက် သတင်းပြန်ကြားရေးအဖွဲ့အစည်း ထူထောင်ပြီး သတင်းမီဒီယာဆိုင်ရာ မူဝါဒ ရည်မှန်းချက်အောင်မြင်ရန် ကြိုးပမ်းသင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းပြောကြားလိုက်သည်။

ကိုဖီအာနန်က လူမှုအဖွဲ့အစည်း၏ ကဏ္ဍအသီးသီးတွင် အီလက်ထရွန်းနစ်သတင်းမီဒီယာ၏ အကျိုးသက်ရောက်မှု ရှိပုံကို အလေးထား၍ ဖော်ပြသည်။ ကိုလံဘိုမြို့တွင် အင်္ဂါနေ့က ကျင်းပလျက်ရှိသည့် တတိယအကြိမ်မြောက် အာရှ–ပစိဖိတ် အသံလွှင့် ဖွံ့ဖြိုးရေး အထွေထွေညီလာခံသို့ ကိုဖီအာနန် ပေးပို့သည့် သဝဏ်လွှာတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

သတင်းပြန်ကြားရေးနှင့် အပြန်အလှန်ဖလှယ်ရေး ကဏ္ဍများတွင် လက်တွေ့ကျသည့် နည်းပညာပြောင်းလဲမှု မကြုံစဖူး အတိုင်းအတာဖြင့် ရှိနေပြီဖြစ်ကြောင်း၊ ယင်းကြောင့် လူသားအချင်းချင်း အပြန်အလှန်ဆက်သွယ်ခြင်းဖြင့် မိမိတို့လိုရာ လမ်းစဉ်ကို ပုံစံသွင်းပြီး လူမှုဘဝကို ဦးဆောင်သွားနိုင်ကြောင်း ညီလာခံတက်ရောက်သူများထံ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်။

မီဒီယာလုပ်ငန်းကို မှန်မှန်ကန်ကန် စီမံကွပ်ကဲနိုင်ပါက အာရှ–ပစိဖိတ် ဒေသနှင့် ကမ္ဘာကြီးတစ်ခုလုံးမှ ပြည်သူလူထုအတွက် ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဘဝအတွက် ကြီးမားသည့် မျှော်မှန်းချက် အလားအလာ တစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာရှ–ပစိဖိတ် အသံလွှင့်ဖွံ့ဖြိုးရေး ဌာနအနေဖြင့် နိုင်ငံအသီးသီးတွင်လည်းကောင်း၊ ပြည်သူလူထု အတွင်းနှင့် ပုဂ္ဂလိကကဏ္ဍအတွင်း၌သော်လည်းကောင်း ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု ရရှိစေရေးအတွက် ပံ့ပိုးကူညီကာ ကမ္ဘာကြီးတစ်ခုလုံး နည်းပညာသစ်၏ အသီးအပွင့်များရရှိအောင် ဆောင်ကြဉ်းပေးနိုင်မည့် ရည်မှန်းချက် ပေါက်မြောက်စေရန် ဆောင်ရွက်သင့်ကြောင်း သဝဏ်လွှာတွင် ပါရှိသည်။

အမ်အင်အေ၊ပီတီအိုင်။

ဂွာတာနာမိုအကျဉ်းစခန်း၌ ထိန်းသိမ်းခံရမှု ငရဲပြည်တွင်နေရသကဲ့သို့ ခံစားရဟုဆို

ပါရီ ဩဂုတ် ၁

ဂွာတာနာမိုရှိ အမေရိကန်စစ်ဘက်အကျဉ်းထောင်တွင် နှစ်နှစ်ကျော် ထိန်းသိမ်းခံရခြင်းသည် ငရဲပြည်တွင် နေထိုင်ရသလိုမျိုးပင်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံသားနှစ်ဦးက သောကြာနေ့တွင် ပြောကြားကြကြောင်း ၎င်းတို့နှစ်ဦးနှင့် ပထမဆုံးအကြိမ်တွေ့ဆုံပြီးနောက် ၎င်းတို့၏ ရှေ့နေဖြစ်သူက ပြောကြားသည်။

ဂွာတာနာမိုအကျဉ်းစခန်း၌ စစ်ဆေးမေးမြန်းသည့် နည်းစနစ်များနှင့် ဆေးကုသမှုခံယူသည့် အတွေ့အကြုံများနှင့်ပတ်သက်၍ မော်ရက်အိချ်ချယ် လာလီနှင့် နီဇာဆက်ဆီတို့က စိုးရိမ်မကင်းဖြစ်မိကြကြောင်း ပြင်သစ်ပြည်တွင်း ထောက်လှမ်းရေးဌာနချုပ်အပြင်ဘက်၌ ရှေ့နေဖြစ်သူ ဂျက်ဒီဘရေးက ပြောကြားသည်။ အဆိုပါဌာနချုပ်တွင် ပြင်သစ်နိုင်ငံသားနှစ်ဦးအား စစ်ဆေးမေးမြန်းနေသည်။

ညပိုင်း၌ အမြင်ဆန်းပြားသည့်ဆေးဝါးများကို အကျဉ်းသားများအားပေးကြောင်း ဆက်ဆီ၏ ပေးစာထဲတွင် ဖော်ပြထားသည်ဟု ဒီဘရေးက သတင်းထောက်များအား ပြောကြားသည်။ အသေးစိတ်အချက်အလက်များကိုမူ ၎င်းက ပြောကြားခြင်းမရှိပေ။ မိမိတို့သည် ငရဲခန်းမှထွက်လာကြခြင်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံသား နှစ်ဦးစလုံးက တူညီသည့်အမြင်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဒီဘရေးက ပြောကြားသည်။

စနေနေ့၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး တရားသူကြီးရှေ့မှောက်သို့ ၎င်းတို့အား စစ်ဆေးရန်ခေါ်ယူသည့်အခါ ၎င်းတို့နှစ်ဦး၏ ဆေးမှတ်တမ်းအပြည့်အစုံတင်ပြစေရန် မေတ္တာရပ်ခံတိုက်တွန်းမည်ဖြစ်ကြောင်း ရှေ့နေဖြစ်သူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မြို့တွင်း လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမာရွတ်မြို့နယ် အထက(၅) မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ တက်ရောက်ချီးမြှင့်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အားပေး ချီးမြှင့်သည်။

တက်ရောက်

မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအကျိုး တော်ဆောင်များ၊ ကျောင်းအုပ်ဆရာမ ကြီးနှင့် ဆရာ ဆရာမများ၊ မိဘများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင် များ၊ ကျောင်းသား၊ ကျောင်းသူ များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ကျောင်းသား၊ကျောင်း သူများက အထက(၂) ကမာရွတ် ဘင်ခရာအဖွဲ့နှင့် တွဲဖက်ပြီး "မြန်မာ့ ကျောင်း"သီချင်းကိုသီဆို၍ ကြိုဆို နှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိန်တို့က အခမ်းအနားကို ဖဲကြိုး ဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Audio System Reading Corner Room၊ Video System Computer Aided Instruction Room၊ Language LabRoom နှင့် အိမ်တွင်းမှုသိပ္ပံပြခန်း၊ ပန်းချီရသပြခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ ကျောင်း၏သပြေ ခန်းမ၌ ဖွင့်ပွဲအစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ များက "တို့ကျောင်းတော်" သီချင်း ဖြင့်လည်းကောင်း၊ အဆိုအကများဖြင့် လည်းကောင်း ဖျော်ဖြေကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မာလ်တီ မီဒီယာ စာသင်ခန်းများဖွင့်ပွဲအခမ်းအနားတွင် မာလ်တီမီဒီယာ စာသင်ခန်း များကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်အောင်က မာလ်တီမီ ဒီယာ စာသင်ခန်းများ ဖွဲ့စည်းထားရှိမှု ကို လည်းကောင်း၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးစိုး နိုင်ထွန်းက မာလ်တီမီဒီယာ စာသင် ခန်းများ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို လည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျောင်း အတွက်လှူဒါန်းငွေများကို ကျောင်းအုပ် ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းအတွက် အလှူငွေနှင့်ပစ္စည်းများကို ပေးအပ် လှူဒါန်းကြရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ၂၉လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံး၊ အထက(၅) ကမာရွတ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘများက စုပေါင်းလှူဒါန်းငွေ ကျပ် သိန်း ၂၀၊ ရွှေထွန်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်လှက ငွေကျပ်ငါးသိန်း၊ ဦးမောင်လွင်-ဒေါ်သန်းသန်းဌေး (ဇင်ယော်မိသားစု) က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ U.P.S ငါးလုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် တစ်သိန်း၊ စူပါအေဝမ်း အင်္ဂလိပ်စကား ပြောသင်တန်းမှ ဆရာမကြီး ဒေါ်တင် လှိုင်က ငွေကျပ်တစ်သိန်း၊ အမှတ်(၃) ရပ်ကွက်မှ ဦးစိုးညွန့်က ငွေကျပ် တစ်သိန်း၊ Z.G.S ကုမ္ပဏီလီမိတက်မှ ဦးဇော်မင်းဇင်က ငွေကျပ်တစ်သိန်း၊ Lucky Man ကုမ္ပဏီမှ ဦးအောင် ဆန်းကငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ ပညာရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဆရာမကြီးဒေါ်ခင်စီ က ငွေကျပ်ငါးသောင်း၊ ဒေါ်နှင်းဝေက ငွေကျပ်ငါးသောင်း၊ ဒသမတန်း(ခ)မှ ကျောင်းသူ မဖူးပွင့်သင်းက ငွေကျပ် ငါးသောင်း၊ မိဘများနှင့်ကျောင်းသား ကျောင်းသူများက ငွေကျပ် ၁၁၆၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းအတွက် လှူဒါန်းငွေများကို ကျောင်းအုပ် ဆရာမကြီးအားပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် ဤအခြေခံပညာ အထက်တန်းကျောင်းသို့ မိမိတို့ ရောက်ရှိလာသည့်အခါ ကျောင်းသား၊ ကျောင်းသူများ၏ ပျော်ရွှင်တက်ကြွမှု၊ အဆင့်အတန်းရှိသည့် တင်ပြပြောဆို မှုများကို တွေ့ရသည့်အတွက် ဝမ်းသာ ကြည်နူးရပါကြောင်း၊ သွန်သင်ဆုံးမမှု၊ အားပေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ရှိသော သက်ဆိုင်ရာဆရာ၊ ဆရာမများကိုလည်း ကျေးဇူးတင်ရှိပါ ကြောင်း။

အပြည့်အဝအသုံးချ

အခြေခံပညာ ကျောင်းများက ကျောင်းသား၊ ကျောင်းသူများကို အဆင်အလိုက် ပညာတတ်မြောက် အောင်၊ လိမ္မာရေးခြားရှိအောင် သွန်သင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး ပညာရည်တိုးတက်မြင့်မား

တိုးချဲ့ကျောင်းဆောင်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ တိုင်းရင်းသားရင်သွေးငယ်များ ပညာရည် တိုးတက်မြင့်မားရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တာချီလိတ်မြို့ အခြေခံပညာအလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ဌေးအောင်၊ ကြေးမုံ)

ဖွင့်လှစ်

ရောဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့နယ် ဆိပ်သာကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ခဲ့ကြသည်။

(ဓာတ်ပုံ-၄၀၁)

စံပယ်ဖြူကျောင်းဆောင်

မန္တလေးတိုင်း၊ မတ္တရာမြို့၊ သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်း စံပယ်ဖြူကျောင်းဆောင်သစ်ကို ဇူလိုင် ၃ရက်နေ့က ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံ-သတင်းစဉ်)

ကျောင်းဆောင်သစ်

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၁၆၈)ရပ်ကွက်၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည့် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်) ဟသ်ာတတက္ကသိုလ်မှ သရုပ်ပြ ဦးသီဟ အား သင်တန်းသားစံပြဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် ဂေ... နယ်စပ်အစွန်အဖျားဒေသများအထိ ကွင်းဆင်းလမ်းညွှန်ကြီးကြပ် ဆော...

❒ ကျောဖုံးမှ

ယခုဆိုလျှင် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေးအကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီး၏ အပိုင်းကဏ္ဍတစ်ခုကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ မိမိနိုင်ငံ၏ အနာဂတ်ကို အမျိုးသားရေးအနှစ်သာရများနှင့် ဆီလျော်ညီညွတ်စွာ ဖြစ်ထွန်းလာစေရန် ပုံဖော်ထုဆစ်ကြရာတွင် ယခုကဲ့သို့ အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာသည်အထိ အောင်မြင်ဖြစ်ထွန်းလာခြင်းသည် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအပါအဝင် တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ကြိုးပမ်းစွမ်းဆောင်မှုများကြောင့်လည်း တစ်ကြောင်းအပါအဝင် ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရာတွင် ပဓာနအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အနာဂတ်ကာလတွင် နိုင်ငံအကျိုးပြုအသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးမှုများတွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ဆရာ၊ ဆရာမများအနေဖြင့် လွန်စွာမှ အရေးပါလှသည့် အခန်းကဏ္ဍက ပါဝင်ကြိုးပမ်းစွမ်းဆောင်နေကြသည်ကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

ပါဝင်ကြိုးပမ်း

ထို့ကြောင့်တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများကလည်း နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းသွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားရေး မျှော်မှန်းကြိုးပမ်းချက်များ ထိရောက်အောင်မြင်စွာ ဖြစ်ထွန်းလာစေရေအောင်

> ## အားလုံးအသိအမြင်ပင်ဖြစ်
>
> **မိမိတို့အစိုးရ နိုင်ငံတော်၏ တာဝန်ယူခဲ့ရချိန်တွင် ကြုံတွေ့ခဲ့ရသည့် ယခင်စနစ်ဟောင်း၏ ခေတ်နှင့် အံမဝင်ခွင်မကျမှုများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မပြည့်စုံမှုများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးယန္တရားများ ပြိုကျပျက်စီးသွားခဲ့မှုများ၊ မင်းမဲ့စရိုက် ဆူပူဖျက်ဆီးမှုများကြောင့် မရှိမဲ့ရှိမဲ့ စက်ရုံ၊ အလုပ်ရုံများနှင့် အခြေခံအဆောက်အအုံများ ယိုယွင်းပျက်စီးသွားမှုများ၊ စည်းကမ်းပျက်ယွင်းမှုများ၊ စိတ်ဓာတ်ပျက်ပြားမှုများစသည့် အနိဋ္ဌာရုံအဖုံဖုံကို အပြုသဘောဆောင်သော ပြုပြင်တည်ဆောက်မှု မြောက်မြားစွာဖြင့် ယနေ့ ပုံဖော်ဖန်တီးထားပြီးဖြစ်သည့်အပြင်၊ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် လူ့အဖွဲ့အစည်းကြီးကို ပြန်လည်ယိုယွင်းမသွားအောင် အပတ်တကုတ် ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိအမြင်ပင်ဖြစ်။**

အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ဆက်လက်ပါဝင် ကြိုးပမ်းထမ်းရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် တိုင်းရင်းသားပြည်သူများ အားလုံးစိတ်အေးချမ်းမြေ့စွာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစွာနေထိုင်နိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ရိုးသားစွာကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အစိုးရ နိုင်ငံတော်၏ တာဝန်ယူခဲ့ရချိန်တွင် ကြုံတွေ့ခဲ့ရသည့် ယခင်စနစ်ဟောင်း၏ ခေတ်နှင့်အံမဝင်ခွင်မကျမှုများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မပြည့်စုံမှုများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးယန္တရားများ ပြိုကျပျက်စီးသွားခဲ့မှုများ၊ မင်းမဲ့စရိုက် ဆူပူဖျက်ဆီးမှုများကြောင့် မရှိမဲ့ရှိမဲ့ စက်ရုံ၊ အလုပ်ရုံများနှင့် အခြေခံအဆောက်အအုံများ ယိုယွင်းပျက်စီးသွားမှုများ၊ စည်းကမ်းပျက်ယွင်းမှုများ၊ စိတ်ဓာတ်ပျက်ပြားမှုများစသည့် အနိဋ္ဌာရုံအဖုံဖုံကို အပြုသဘောဆောင်သော ပြုပြင်တည်ဆောက်မှု မြောက်မြားစွာဖြင့် ယနေ့ ပုံဖော်ဖန်တီးထားပြီးဖြစ်သည့်အပြင်၊ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် လူ့အဖွဲ့အစည်းကြီးကို ပြန်လည်ယိုယွင်းမသွားအောင် အပတ်တကုတ် ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိအမြင်ပင်ဖြစ်ကြောင်း။

သမိုင်းမော်ကွန်းမှတ်တိုင်

အထူးသဖြင့် နယ်စပ်အစွန်အဖျားဒေသများတွင် ပယောဂအမျိုးမျိုးကြောင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ဆန့်ကျင်မှု၊ အယူအဆကွဲပြားခြားနားမှု၊ တစ်ယူသန်လူမျိုးရေးအစွဲအလမ်းကြီးမားမှု၊ စိတ်ဝမ်းကွဲပြားမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ယိုယွင်းမှုတို့နှင့်အတူ နယ်မြေတည်ငြိမ်အေးချမ်းရေးပျက်ပြားမှုများ၊ ဘိန်းနှင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်နေမှုများ၊ လမ်းပန်းဆက်သွယ်မှုကအစ နယ်မြေဒေသဖွံ့ဖြိုးမှု နောက်ကျနေခဲ့ ရမှုများစသည့် ကိုလိုနီနယ်ချဲ့တို့ ထားရစ်ခဲ့သော ဆိုးမွေများကို မြန်မာ့မြေပေါ်က အပြီးတိုင် ပျောက်ကွယ်သွားစေရအောင် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ခြင်းသည် မိမိတို့အစိုးရ တာဝန်ယူကာလအတွင်း တိုးတက်ဖြစ်ထွန်းမှု သမိုင်းမော်ကွန်းမှတ်တိုင်များပင်ဖြစ်ကြောင်း။

ယနေ့ မိမိနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ ကိုယ်တွေ့ခံစားနေရပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ယင်းစီမံကိန်းကြီးနှင့် ယှဉ်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး အထူးစီမံကိန်းကြီးများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု၏ စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများစသည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းအဆင့်ဆင့်ကို ဆင့်ကဲဆင့်ကဲ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် အခြေခံဒေသများဖြစ်သည့် ကျေးလက်ဒေသများ၊ နယ်စပ်အစွန်အဖျားဒေသများအထိ ကွင်းဆင်းပြီး လမ်းညွှန်ကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေသည်ကို အားလုံးအမြင်အတွေ့ပင်ဖြစ်ကြောင်း။

မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

ဆည်တမံ (၁၆၂) ခု

ထို့ကြောင့် ယနေ့ဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်ကို ထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ၁၉၈၈ခုနှစ်နောက်ပိုင်း ဆည်မြောင်းတာတမံပေါင်း ၁၆၂ခု တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပင် မြစ်ရေတင်စီမံကိန်း ၂၆၅ခုကို တစ်ပါတည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးလည်းဖြစ်ကြောင်း၊ ဆက်လက်တည်ဆောက်နေဆဲ စီမံကိန်းများလည်း အများအပြားပင်ရှိနေရာ ဆင့်ကဲဆင့်ကဲ အကောင်အထည် ပေါ်လာတော့မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ဆိုလျှင်လည်း ၁၉၈၈ ခုနှစ်က ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်းများအပါအဝင် တစ်နိုင်ငံလုံး၌ လမ်းမိုင်ပေါင်း ၁၃၆၀၀ကျော်သာ ရှိခဲ့ရာက ယခုဆိုလျှင် လမ်းမိုင်ပေါင်း ၅၀၀၀နီးပါး တိုးတက်လာခဲ့ပြီး လက်ရှိခရီးလမ်းမိုင်ပေါင်း ၁၈၆၀၀နီးပါး ရှိလာခဲ့ပြီဖြစ်ကြောင်း။

တံတားကြီး (၁၇၂) စင်း

တစ်နိုင်ငံလုံးတွင် လမ်းမကြီးများကိုအရှေ့၊ အနောက်၊ တောင်၊ မြောက် ကွန်ရက်သဖွယ် ရက်ဖောက်ဆက်သွယ် ဖောက်လုပ်ပေးခဲ့သည့်အတွက် မြစ်ကူးတံတားကြီးများအပါအဝင် တံတားအကြီးစားပေါင်း ၁၇၂စင်း တိုးတက် တည်ဆောက်ပေးခဲ့ရကြောင်း။

ရထားလမ်းသစ်များ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည့်အတွက် ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံး၌ ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါးသာ ရှိခဲ့ရာက ယခုဆိုလျှင် ရထားလမ်းမိုင်ပေါင်း ၃၀၀၀နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ သံလမ်းအသစ်များ၊ ဓလီဖားတုံးအသစ်များ အစားထိုးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိကြောင်း။

ထို့အပြင် ရထားစက်ခေါင်းအသစ်များ၊ လူစီးတွဲအသစ်များ အစားထိုးရေး၊ မီးရထားစက်ခေါင်းပြင် အလုပ်ရုံများ၊ တွဲပြင်အလုပ်ရုံများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများကိုလည်း မိတ်ဆွေနိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်နေဆဲလည်းဖြစ်ကြောင်း။

လေယာဉ်ကွင်း (၂၉) ကွင်း

လေယာဉ်ကွင်းများအနေဖြင့်ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က မြန်မာ့လေကြောင်းက အသုံးပြုသည့် လေယာဉ်ကွင်း ၂၁ကွင်းသာ ရှိခဲ့ရာမှ ယခုဆိုလျှင် နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး အပါအဝင် လေယာဉ်ကွင်း ၂၉ကွင်း ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဖော်ကာ-၂၈ နှင့် ဘိုးရင်း-၇၃၇ လေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများ ဖြစ်ကြကြောင်း။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုနှင့် ပတ်သက်၍လည်း ၁၉၈၈ခုနှစ်တွင် ရေအားလျှပ်စစ်စီမံကိန်း ၁၄ ခုကနေ ၂၂၈ မဂ္ဂါဝပ်သာ ထုတ်လုပ်ပေးနိုင်ခဲ့ရာမှ ယခုအခါတွင် ရေအားလျှပ်စစ်စီမံကိန်း ၂၈ခု တိုးတက်တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ၁၆၂ မဂ္ဂါဝပ်ကျော် ထပ်မံတိုးချဲ့ပေးနိုင်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၄၀၀ နီးပါး ပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ခေတ်ကာလတွင် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခြောက်ခု ထပ်မံတည်ဆောက်ခဲ့သည့်အတွက် ယခုအခါတွင် ဓာတ်ငွေ့သုံးစက်ရုံ ၁၄ ခုက မဂ္ဂါဝပ် ၇၀၀ နီးပါး ထုတ်လုပ်နိုင်နေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် လက်ရှိတွင် ရေအားလျှပ်စစ်နှင့် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများက စုစုပေါင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၁၀၀နီးပါး ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်နေပြီဖြစ်ကြောင်း။

တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၂ ခုပြီးစီး၍ မဂ္ဂါဝပ် ၂၆၀၀ ကျော် ထပ်တိုးပေးနိုင်ခဲ့လျှင် စုစုပေါင်းမဂ္ဂါဝပ် ၃၀၀၀ကျော် ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် ပေါင်းလောင်း ရေအားလျှပ်စစ်နှင့် မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း။

ဆေးရုံ (၇၇၆) ရုံ

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ဆိုပါကလည်း ယခင်က ဆေးရုံအကြီး၊ အလတ်၊ အသေးပေါင်း ၆၁၇ ရုံသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ခုတင် ၃၀၀၊ ခုတင် ၂၀၀၊ ခုတင် ၁၀၀၊ ခုတင် ၅၀၊ ၂၅ခုတင်၊ ၁၆ခုတင်တို့ကို တိုးချဲ့တည်ဆောက်ပေးခဲ့မှုများကြောင့် စုစုပေါင်းဆေးရုံများသည် ၇၇၆ ရုံအထိ တိုးတက်ဖြစ်ထွန်းလာပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ ဖြန့်ကြက်ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင်ဆိုလျှင်လည်း ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၁၅၆ခု ရှိလာပြီဖြစ်သကဲ့သို့ ယခင်က အထက်တန်းကျောင်း ၇၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်းနှင့်

မူလတန်းကျောင်း ၃၁၃၂၉ ...
ကျောင်း ၁၈၉၄ ကျောင်း၊ အ...
ကျောင်း ၄၇၇၄ ကျောင်...
တိုးတက်ဖြစ်ထွန်းနေပြီဖြ...
ဖွံ့ဖြိုးတိုးတက်ရေးကို အ...

ထိုကဲ့သို့ ၁၅ နှစ်...
ဆောင်ရွက်ခဲ့သည့်အတွက်...
ကောင်းများသည် များစွာ...
ဖြစ်ထွန်းရေးအတွက် ဆက...
သေးခြင်းကြောင့် အစိုးရ...
ဆောင်ရွက်ကြရဦးမှာဖြစ်...

အထူးသဖြင့် ခေတ်...
ရေးတွင် ပင်မဒေါက်တိုင်...
သော အမျိုးသားပညာရေ...
သော လူ့ဘောင်အဖွဲ့အစ...
တာဝန်ရှိသူအသီးသီးအနေ...
သွားဖွယ်ရာ လုပ်ငန်းမျာ...

အဓိကအားဖြင့် ယ...
ICT နည်းပညာရပ်များအ...
အနာဂတ်ကို မျှော်မှန်းသ...
အနေဖြင့် ကြိုးပမ်းအကော...

သာဓကအနေဖြင့် ...
များကို လေ့ကျင့်သင်ကြာ...
ဖြစ်သော်လည်း ယခင်ခေတ်...
ဆက်လက်ပညာဖြန့်ဝေမှု...

မြန်မာနို... ဘင်းမိစ...

အချိန်ကုန်ခဲ့သည်ကို ...
များကို လက်တွေ့အသုံးဝ...
လူထုဆက်ဆံရေး ကိရိယာ...
အဆင့်ကို ရောက်အောင်အ...
ခေတ်နှင့်လျော်ညီစွာ ပြော...

ယနေ့အခြေအနေတွ...
ကောလိပ်များအထိ ICT...
များ၊ Resource Cen...
တက္ကသိုလ်အဆင့်များ၌ ...
Network များ၊ Vide...
Teaching System များ...
စနစ်တစ်ရပ် စတင်ဖြစ်ထ...

မန္တလေးတိုင်း တံ... လေဆိပ်သစ်ကြီးကို တွေ...



...ကိုယ်တိုင် ကျေးလက်ဒေသများ ...ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိ

မူလတန်းကျောင်း ၃၁၃၂၉ကျောင်းသာ ရှိခဲ့ရာမှ ယခုဆိုလျှင် အထက်တန်းကျောင်း ၁၈၉၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၇၇၄ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၂၂၅ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ခြင်းကြောင့် လူသားစွမ်းရည် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်လာနိုင်နေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ ၁၅ နှစ်ကျော် ၁၆ နှစ်နီးပါးမျှ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့် အကျိုးရလဒ်ကောင်းများသည် များစွာဖြစ်ထွန်းနေပြီဖြစ်သော်လည်း နိုင်ငံတော်တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများ အများအပြား ရှိနေသေးခြင်းကြောင့် အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမှာဖြစ်ကြောင်း။

အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးတွင် ပင်မဒေါက်တိုင်တစ်ခုဖြစ်သည့် ပညာရေးကဏ္ဍတွင် မွန်မြတ်မြင့်မားသော အမျိုးသားပညာရေးမျှော်မှန်းချက်ဖြစ်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးအနေဖြင့် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားဖွယ်ရာ လုပ်ငန်းများသည် များစွာရှိနေဆဲဖြစ်ကြောင်း။

အဓိကအားဖြင့် ယနေ့ နိုင်ငံတကာ၌ တွင်ကျယ်ခေတ်စားနေသော ICT နည်းပညာရပ်များအပါအဝင် သိပ္ပံနှင့်နည်းပညာရပ်အသွယ်သွယ်တွင် အနာဂတ်ကို မျှော်မှန်းသည့် ရည်မှန်းချက်များထားရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အပြေးအလွှားကြိုးပမ်း

သာဓကအနေဖြင့် ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံ၌ ကွန်ပျူတာပညာရပ်များကို လေ့ကျင့်သင်ကြားပေးခဲ့ခြင်းသည် နှစ်ပေါင်း ၂၀-၂၅နှစ်ခန့် ရှိခဲ့ပြီဖြစ်သော်လည်း ယခင်ခေတ်ကာလက ပညာရှင်လောကတွင်ပင် ရပ်တန့်နေခဲ့ပြီး ဆက်လက်ပညာဖြန့်ဝေမှု သုတေသနပြုမှုများအပိုင်းအထိ မရောက်တော့ဘဲ

လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် တည်ဆောက်ပေးထားသည့် ကရင်ပြည်နယ်မှ ဘားအံတက္ကသိုလ် အဆောက်အအုံသစ်ကြီးကို ခံ့ညားစွာ တွေ့ရသည်။ (ဓာတ်ပုံ-ကြေးမုံ)

နိုင်ငံတော်အစိုးရ၏ အားပေးထောက်ကူမှုနှင့် ပုဂ္ဂလိက ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ MICT-Park များ အသီးသီး ဖွင့်လှစ်ပေးထားပြီး ICT နည်းပညာအခြေခံသော ဝန်ဆောင်မှုများ၊ ခေတ်မီဆက်သွယ်ရေးကွန်ရက်များကို တစ်နိုင်ငံလုံးလွှမ်းခြုံပေးထားနိုင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် e-Passport, e- Visa နှင့် Smart Card စနစ်များ၊ e-Commerce နှင့် e-Government စနစ်တည်ဆောက်မှုများစသည့် နိုင်ငံတကာအဆင့်မီ အုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ နိုင်ငံတော် အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးနှင့် ယခင်ခေတ်ကာလက အနိဋ္ဌာရုံအမွေဆိုးများ

ထို့အပြင် အခြားသော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ GMS ခေါ်သည့် မဟာမဲခေါင်မြစ်ဝှမ်း စီမံကိန်းတွင်လည်း တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူပင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီး အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရင်း

ပေါက်ဖော် ချစ်ကြည်ရေးကို ညီရင်းအစ်ကို ချစ်ကြည်ရေးအဆင့်သို့ တိုးတက်မြင့်မားစေခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများသည် သမိုင်းအစဉ်အဆက် တိုးတက်ဖြစ်ထွန်းနေခဲ့ပြီး နှစ်နိုင်ငံအကြီးအကဲများ၊ နိုင်ငံတော်တာဝန်ရှိသူများ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည်လည်း ယနေ့တိုင် အလျဉ်မပြတ် ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့နိုင်ကြောင်း။

စာချုပ်လွှာ ၅၀ ကျော်

ဤချစ်ကြည်ရေး ခရီးစဉ်များက ဖြစ်ထွန်းလာခဲ့သည့် နှစ်နိုင်ငံသဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများသည် ယနေ့ဆိုလျှင် ၅၀ကျော်အထိ ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် မိမိအနေဖြင့် လွန်ခဲ့သည့် နှစ်ရက်ခန့်ကပင် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ပထမဆုံးသော ဘင်းမ်စတက်နိုင်ငံ အကြီးအကဲများ၏ အစည်းအဝေးကို တက်ရောက်ခဲ့ပြီး ဘင်းမ်စတက်နိုင်ငံများအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် သဘောတူညီချက်များ ချမှတ်နိုင်ခဲ့ကြောင်း။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးသည်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည်ကိုတွေ့မြင်နိုင်ကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအသင်းကြီးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေသကဲ့သို့ ဘင်းမ်စတက်အဖွဲ့ကြီးတွင်လည်း ဒေသတည်ငြိမ်ဖွံ့ဖြိုးရေးအတွက် ပေါင်းကူးဆက်သွယ်ပေးနေ

အချိန်ကုန်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခုအခါ ICT နည်းပညာရပ်များကို လက်တွေ့အသုံးဝင်သည့် နည်းပညာရပ်များ၊ လေ့လာမှုနည်းစဉ်များ၊ လူထုဆက်ဆံရေး ကိရိယာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့် အဆင့်ကို ရောက်အောင်အပြေးအလွှား ကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့အခြေအနေတွင် အခြေခံပညာကျောင်းများကစတင်ပြီး တက္ကသိုလ်၊ ကောလိပ်များအထိ ICT နည်းပညာ အခြေခံသည့် Learning Centre များ၊ Resource Centre များ ဖွင့်လှစ်ပေးထားနိုင်ပြီဖြစ်သည့်အပြင် တက္ကသိုလ်အဆင့်များ၌ e-Library များ၊ Internet နှင့် Intranet Network များ၊ Video Conferencing System များ၊ Web-based Teaching System များ တည်ရှိနေခဲ့ပြီဖြစ်သည့်အတွက် e-Education စနစ်တစ်ရပ် စတင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

ပပျောက်စေရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတကာ မျက်နှာစာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံမှုများတိုးမြှင့်ပြီး ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စေရအောင် နိုင်ငံတကာနှင့် အပြုသဘောပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံအသင်းကြီးတွင် ဝင်ရောက်ပြီး ဒေသတွင်းလုံခြုံရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသကဲ့သို့ BIMST-EC အဖွဲ့ကြီးတွင်လည်း ပါဝင်ပြီး အပြုသဘောဆောင်သော အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆောင်ရွက်ရင်း အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို မျှော်မှန်းလျက် ကျယ်ပြန့်သော ဤဒေသကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပေါင်းကူးဆက်သွယ် ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ လူမှောင်ခိုကုန်ကူးမှုများ တားဆီးနှိမ်နင်းရေးတို့ အပါအဝင် စီမံခန့်ခွဲရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍစုံတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ချစ်ကြည်ရေးခရီးလည်ပတ်

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ ဖြစ်ထွန်းနေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့နိုင်ကြောင်း။

ဝန်ကြီးချုပ်အနေဖြင့် ယခုနှစ်ဇူလိုင်လအတွင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး တည်ရှိပြီးဖြစ်သည့် ဆွေမျိုး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

တိုးတက်ဖြစ်ထွန်း

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ ဖြစ်ထွန်းနေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေသည်ကိုတွေ့နိုင်။

နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းအားလုံး ပညာရေးကဏ္ဍတွင် ကွာဟမှုမရှိစေရန်အတွက် တက္ကသိုလ်၊ ကောလိပ်များကို နိုင်ငံတစ်ဝန်း တိုးချဲ့တည်ဆောက် ဖွင့်လှစ်လျက်ရှိသည့်အနက် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ အစိုးရနည်းပညာကောလိပ်(ပင်လုံ)ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကြေးမုံ)

တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီး၏ အကျိုးစီးပွား ညီညွတ်မျှတအောင် ပေါင်းစည်းဖော်ဆောင်ပေးနိုင်ရန် တစ်မျိုးသားလုံး၏ ကိုယ်စားလှယ်များ အမျိုးသားညီလာခံကြီးတွင် စုစည်းဆွေးနွေးပြီး ညှိနှိုင်းအဖြေရှာလျက် ရှိနေပြီဖြစ်

● **စာမျက်နှာ ၉ မှ**

နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းနေသကဲ့သို့ နှစ်နိုင်ငံအကြား ကဏ္ဍတိုင်း၌ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း။

ယင်းကဲ့သို့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ခိုင်မာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

သာဓကအနေဖြင့်ကြည့်မည်ဆိုလျှင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်မှုတစ်ရပ်ဖြစ်သည့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး နှစ်နိုင်ငံစီးပွားရေးနှင့် ချစ်ကြည်ရင်းနှီးမှုများကို ထိရောက်စွာအားပေး မြှင့်တင်ပေးနိုင်နေသည်ကို တွေ့ရကြောင်း။

ကုန်သွယ်မှုပမာဏ

နယ်စပ်ဒေသကုန်သွယ်ရေးအောင်မြင်ဖြစ်ထွန်းမှုများကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေဖြင့်ကြည့်လျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တစ်နိုင်ငံတည်းပင် လက်ရှိကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဘီလျံခန့် ဖြစ်ထွန်းနေပြီး လာမည့်နှစ်များတွင် ၁ ဒသမ ၅ ဘီလျံအထိ တိုးတက်လာရေးကို ရည်မှန်း၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ကြောင်း။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်ရင်း နိုင်ငံတကာပဋိပက္ခအငြင်းပွားမှုများ ကင်းရှင်းစွာဖြင့် မိမိနိုင်ငံ၊မိမိလူမျိုးတိုးတက်ကြီးပွားရေးနှင့် ခေတ်မီဖွံ့ဖြိုးရေးအတွက် ရိုးသားစွာကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့အစိုးရခေတ်ကာလမတိုင်မီ တစ်ချိန်သောကာလက စစ်အေးခေတ်အင်အားကြီးနိုင်ငံကြီးများ၏ အားပြိုင်မှု၊ ဩဇာအာဏာရိပ် တိုးချဲ့မှုတို့က ကင်းရှင်းအောင်ကျင့်ကြံနေထိုင်ရင်း နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှုများလျှော့ချပြီး တစ်ကိုယ်တော်နိုင်ငံဘဝကို ဖြတ်သန်းခဲ့ဖူးကြောင်း။

အထီးကျန်ဖြစ်အောင်

ယနေ့ Globalization ခေါ်သည့် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ဖြစ်ပေါ်နေမှုအစဉ်တွင် တစ်နိုင်ငံတည်း ထီးထီးရပ်တည်နေ၍ မရတော့ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာကို တံခါးဖွင့်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လာသည့် အချိန်အခါတွင် ကမ္ဘာ့မိသားစုအတွင်း ပြန်ဝင်ရန် အားပေးဖိတ်ခေါ်ရမည့်အစား နိုင်ငံရေးအကြောင်းပြချက်သက်သက်ဖြင့် အထီးကျန်ဖြစ်အောင် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများက ဖိအားပေး ပိတ်ဆို့မှုများ လုပ်ဆောင်နေကြခြင်းသည် ဆင်းရဲချမ်းသာကွာဟမှုကို ပိုမိုအားပေးနေသကဲ့သို့ လူ့အခွင့်အရေးကာကွယ်ထိန်းသိမ်းမှုနှင့်လည်း ဆန့်ကျင်လျက်ရှိနေသည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မည်သူအားပေးသည်ဖြစ်စေ၊ ဆန့်ကျင်ပိတ်ဆို့သည်ဖြစ်စေ တိုင်းရင်းသားပြည်သူအများစုကြီး၏ လိုအင်ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တစိုက်မတ်မတ် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၊မိမိလူမျိုး၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဓလေ့စရိုက်အခြေခံများနှင့် ဆီလျော်ညီညွတ်သော နည်းလမ်းများဖြင့် ဖော်ဆောင်သွားမည်ဖြစ်သည့်အတွက် ယခုဆိုလျှင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အရေးအကြီးဆုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး အေးအတူ ပူအမျှ ပေါင်းစည်းလက်တွဲ နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စီကိုယ်စီသော အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားတို့ကို ညီညွတ်မျှတအောင် ပေါင်းစည်းဖော်ဆောင်ပေးနိုင်စေရန် တစ်မျိုးသားလုံး၏ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကြီးတွင် စုစည်းဆွေးနွေးပြီး ညှိနှိုင်းအဖြေရှာလျက်ရှိနေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် တက္ကသိုလ် ဆရာ၊ ဆရာမများအားလုံးက အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးကအစပြုသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြရန် အထူးလိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

ယနေ့ လူငယ်များအသိအမြင် ဗဟုသုတကြွယ်ဝပြီး ပညာရည်မြင့်မားမှသာ မိမိတို့နှင့်ထိုက်တန်သည့် အမျိုးသားနိုင်ငံတော်ကြီးကို မိမိတို့ကိုယ်တိုင်တည်ဆောက်ကာကွယ်နိုင်မည်ဖြစ်သည်ဆိုသော သဘောထားခံယူချက် ထားရှိပြီး ယနေ့ ကျောင်းသား၊ ကျောင်းသူလူငယ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊အတတ်ပညာရှင်များ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✳

▲ **စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

- **ကောက်ကွက်ကျဲကျဲစိုက်ခြင်း၊ စိုတစ်လှည့် ခြောက်တစ်ခါ ရေသွင်းရေထုတ်ခြင်း၊ ကြားပေါင်းလိုက်ကိရိယာနဲ့ ပေါင်းလိုက်တမန်းနှိုးခြင်းတို့ကြောင့် စပါးပင်အနေနဲ့ အာဟာရတွေ၊ နေရောင်ခြည်တွေ များများရ၊ လေဝင်လေထွက်လည်းကောင်း၊ အမြစ်ပွားစီးမှု၊ ပင်ပွားဖြစ်ထွန်းမှုတွေလည်းကောင်းလာပြီး ပင်ပွားများတဲ့ စပါးခင်းကြီးဖြစ်လာတယ်။**
- **ထွက်လာတဲ့ ပင်ပွားတွေကလည်း အောင်နှံ ၈၀ ရာခိုင်နှုန်းကျော်ရှိတာ တွေ့ရတယ်။**
- **ဒီစနစ်က တစ်ဧကမှာ မျိုးစေ့သုံးပြည်ပဲ သုံးရတော့တောင်သူအတွက် ရော၊ နိုင်ငံ့အတွက်ပါ စပါးမထွက်ခင်ကဘဲ အကျိုးရှိနေတယ်။ မိမိတို့ နိုင်ငံမှာ မျိုးစပါးကို တစ်တင်းခွဲနှုန်းသုံးရင်တောင် စပါးစိုက်ဧက ၁၆ သန်းအတွက် စပါးတင်းပေါင်း၂၁ သန်း၊ မျိုးစပါးကနေ စားသုံးဖို့ ပိုလာမယ်။**
- **မျိုးနဲ့ရေလည်း လျှော့သုံးရတာကြောင့် ကုန်ကျစရိတ်လည်း လျော့သွားတယ်။**
- **တစ်ပင်ချင်းစိုက်ရလို့ လုပ်အားပိုကုန်ပေမယ့် ပိုထွက်လာတဲ့ သီးနှံတန်ဖိုးနဲ့ နှိုင်းယှဉ်ကြည့်ရင် စီးပွားရေး တွက်ခြေကိုက်ပါတယ်။**
- **နည်းနည်းစိုက် များများထွက်တာမို့ လုပ်ကွက်ငယ်တောင်သူများအတွက် ဒီစိုက်နည်းစနစ်နဲ့ မျိုးစေ့လည်း ထုတ်လုပ်သင့်တယ်။**
- **လယ်ယာလုပ်ငန်းရှင်များအနေနဲ့လည်း အနီးကပ် ကြီးကြပ်နိုင်တဲ့ လက်ထောက်များများနဲ့ စိုက်ပျိုးမယ်ဆိုရင် စီးပွားရေးတွက်ခြေကိုက်တဲ့ စိုက်နည်းစနစ်ပါပဲ။**
- **ဒီစိုက်နည်းစနစ်ရဲ့ အားနည်းချက်ကတော့ မိုးများပြီး ရေလွှမ်းတဲ့ လယ်မြေတွေနဲ့ အအေးပိုင်းဒေသနွေစပါးမှာ ပျိုးသက်ကာလ အပူချိန်တွေကို ထည့်သွင်းစဉ်းစားရတာပါပဲ၊ ဒါပေမယ့် မိုးများသော်လည်း ကုန်းပိုင်းလယ်မြေများ၊ ရေတော်မိုးတော်ဒေသ၊ အညာဒေသ၊ တောင်ပေါ်ဒေသတွေမှာ ကောင်းကောင်းစိုက်ပျိုးနိုင်ပါတယ်။**

တိုက်တွန်းအပ်ပါသည် - ဒီစိုက်နည်းစနစ်ကို သင်နှစ်သက်လျှင် လယ်တစ်ကွက်လောက်တော့ စမ်းစိုက်ကြည့်ပါ။ အနည်းဆုံး ဆယ်ပေပတ်လည် စမ်းသပ်ကွက်တစ်ကွက်လောက်ပေ့ါ။ အံ့ဩဖွယ်ကောင်းလောက်အောင် ပင်ပွားတွေများပြီး အထွက်နှုန်းတိုးတာ တွေ့ရပါလိမ့်မယ်။ သို့သော် ဖော်ပြပါအချက်များကို လိုက်နာပြီး အထူးဂရုပြုစောင့်ရှောက်မှု (Intensive Care) ပေးဖို့ မမေ့ပါနဲ့။ ။

မန္တလေးတိုင်း ဒုဋ္ဌဝတီမြစ်ကိုပိတ်၍ တည်ဆောက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှ ရေထုတ်ဥမင်ဖောက်လုပ်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကြေးမုံ)

✳ စာမျက်နှာ ၁၀ မှ

ဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆုချီးမြှင့်

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသားစံပြဆုကို သင်တန်းသား အမှတ်(D–၆၀)ပညာရေး ဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဟသ်ာတတက္ကသိုလ်မှ သရုပ်ပြဦးသီဟအား လည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူ အမှတ်(A–၁၅၀) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ နည်းပြဒေါ်ချိုချိုခိုင်အားလည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသား အမှတ်(D–၈၆) သမဝါယမဝန်ကြီးဌာနမှ သမဝါယမဦးစီးဌာန ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်မှ ကထိက ဦးစိုးမြင့်၊ သင်တန်းသူ အမှတ်(A–၆၅) ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ခင်သိမ်း၊ သင်တန်းသူ အမှတ်(A–၁၁၈) ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်မှ ကထိက ဒေါ်နုနုစိန်တို့အား လည်းကောင်း ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စံပြအဆောင်ဆုကို အမျိုးသမီးတပ်ခွဲ(၂) အဆောင်(၃)မှ သင်တန်းသူများအား လည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင် ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများက ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေကျပ် ၇၁၄၀၀၊ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံတည်ဆောက်ရေးအတွက် ငွေကျပ် ၁၅၀၀၀၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် ငွေကျပ် ၁၅၀၀၀၊ အမျိုးသားညီလာခံကိုဂုဏ်ပြုလျက် လှူဒါန်းငွေကျပ် ၁၅၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် ငွေကျပ် ၁၅၀၀၀၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ် ၂၀၀၀၀၊ ဖောင်ကြီးအခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံ

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားအပြီးတွင် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၆ မှ

နိုင်သည်နှင့်အမျှ လူငယ်များ၏ အနာဂတ်အလားအလာ ကောင်းမွန်သကဲ့သို့ တိုင်းပြည်၏ ရှေ့သို့ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကိုလည်း ခိုင်ခိုင်မာမာ ပိုမိုခန့်မှန်းနိုင်ကြောင်း၊ ထို့ကြောင့် မိဘ၊ဆရာ၊ကျောင်းသားတို့၏ပူးပေါင်းဆောင်ရွက်မှုကောင်းကောင်းဖြင့် ပညာရည်အဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် တပ်ဆင်ထားသည့် မာလ်တီမီဒီယာ အီလက်ထရောနစ်ပစ္စည်းများကို အပြည့်အဝ အသုံးချရေး၊ အင်္ဂလိပ်စာတတ်မြောက်ကျွမ်းကျင်ရေးတို့ကို ရည်မှန်းချက်ရှိရှိ ဦးတည်လုပ်ကိုင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ရှင်းလင်းမှာကြား

ယခုအခါ နိုင်ငံတော်တစ်ရပ်လုံး၌ တည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ခိုင်မာစွာ ဖြစ်ပေါ်နေပြီဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရနှင့်အတူ မိဘပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ဦးထမ်းပဲ့ထမ်း ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အစဉ်အလာကောင်းများသည်လည်း ဖြစ်ထွန်းလျက်ရှိသဖြင့် နိုင်ငံတော်ကြီးသည် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍစုံဘက်စုံမှ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် သေချာလျက်ရှိကြောင်းဖြင့်ရှင်းလင်းမှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂-၈-၂၀၀၄

ထားဝယ်	–	၄ ဒသမ ၈၂ လက်မ
မြိတ်	–	၄ ဒသမ ၃၃ လက်မ
ရေး	–	၃ ဒသမ ၂၃ လက်မ

စပါးကရှေ့ ငါးကငွေ လယ်ယာသားငါး ပြည့်စီးပွား

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အရည်အသွေးကောင်း ဂုန်လျှော်/ ချဉ်ပေါင်လျှော် ထွက်ရှိရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်များ စတင်ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်–

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ ၃–၄ရက် အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက် အနည်းဆုံးလေးပေရှိပြီး ဖြည်းညှင်းစွာ စီးဆင်းနေသောရေတွင် တစ်လွှာချင်းဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင် ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သော တုံးများမသုံးစွဲဘဲ သစ်သားတုံး၊ ဝါးစသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တ (၁)ပတ်ကြာမှစ၍ နေ့စဉ် လျှော်ဖောင်အား နူး/မနူးစမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ကျင်းပ

ရန်ကုန် 　ဩဂုတ် 　၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၄ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ အဆိုပါအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုး၊ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဂုဏ်ထူးဆောင်နာယကများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long နှင့် တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long က အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ၂၀၀၄ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်တွင် ပထမရရှိသော မရွှေစင် အလက(၁) တောင်ဥက္ကလာပ၊ ဒုတိယရရှိသော မသဲနုဝေ အထက(၂)လှိုင်၊ တတိယရရှိကြသော မလွင်နှင်းဦး အထက(၄) တောင်ဥက္ကလာပ၊ မခိုင်တင်ဇာမြင့် အထက(၁)ကြည့်မြင်တိုင်၊ မဆုမွန်ကျော်တင့် အထက(၁) ရွှေပြည်သာ၊ အထူးဆုရရှိကြသော မကေသွယ်ခိုင် အထက(၁) ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)နှင့် မဖြူဇင်ဟန် အထက(၄)အလုံတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အလယ်တန်းအဆင့်တွင် ပထမရရှိသော မပိုးဖြူလွင် အထက(၂) ရန်ကင်း၊ ဒုတိယရရှိသော မအိဖြူခိုင် အလက(၄) သဃ်န်းကျွန်း၊ တတိယရရှိသော မဝတ်ရည်ဦး အထက(၂)ဗဟန်း၊ အထူးဆုရရှိကြသော မယ်ယံမိုးမြင့် အလက(၅) အင်းစိန်၊ မချိုမီမီခိုင် အလက(၁) မရမ်းကုန်းတို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များသည် ခန်းမအတွင်းရှိ အသင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၄ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့် ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၄ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့် ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် 　ဩဂုတ် 　၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပသည့် ၂၀၀၄ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ဖွင့်လှစ်

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ယမန်နှစ် ပြည်နယ်နှင့်တိုင်း စွမ်းရည်ပြ တံခွန်စိုက်ချန်ပီယံ ကချင်ပြည်နယ်အသင်း၊ ယမန်နှစ် ပြည်နယ်နှင့်တိုင်း လက်သိုင်းချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနှင့် ယမန်နှစ် ပြည်နယ်နှင့်တိုင်း စွယ်စုံတံခွန်စိုက်ချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့က တံခွန်စိုက် ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ ဝန်ကြီးက လက်ခံပြီး အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

သရုပ်ပြ

ထို့နောက် မြန်မာ့သိုင်း သရုပ်ပြအစီအစဉ်အရ ကျောင်းသားကလေးများ၏ ဓားရေး ဓားခင်းအားမာန်ကျင့် သရုပ်ပြပွဲကိုလည်းကောင်း၊ ကမ္ဘောဇ လက်သိုင်းလေ့ကျင့်စဉ်ကိုလည်းကောင်း၊ မြန်မာ့လက်ရွေးစင်များ၏ လက်သိုင်း၊ ဗန်တိုနည်းစနစ်များကိုလည်းကောင်း၊ ဓားနှစ်လက်၊ တုတ်ရှည်ပညာ အချုပ်အဖြည်ပညာနှင့် ဗန်တိုရှည်သိုင်းသရုပ်ပြကွက်များ အသီးသီး သရုပ်ပြသွားသည်။ ဖွင့်ပွဲအပြီးတွင် လက်သိုင်းပြိုင်ပွဲ၊ ဓားသိုင်းပြိုင်ပွဲနှင့် အားနစ်ပြိုင်ပွဲတို့ စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဩဂုတ် ၃ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။ (ကြေးမုံ)

ပို့ဆောင်ရေးဒုတိယဝန်ကြီး ဘရူနိုင်းသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂

ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘာဂါဝန်မြို့၌ ဩဂုတ် ၃ရက်မှ ၄ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အာဆီယံ ပို့ဆောင်ရေးလုပ်ငန်းကျွမ်းကျင်သူ အဆင့်မြင့်အရာရှိများအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ခေါင်းဆောင်သည့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့်အဖွဲ့အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဌာနအကြီးအကဲများနှင့် မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ့မွေ့ဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၉။ စွန်ချောင်းရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Grammar Made Easy.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (အထူးပြုအားလုံး) (မြန်မာစာ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၂၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဓာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း"(အပိုင်း–၁၂)**
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ မြန်မာစာ၊ မြန်မာစကား
- ၇:၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၃၀ ၁၄။ ကြေးမုံရိပ်သွင် တေးနှယဉ်
- ၇:၄၅ ၁၅။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း–၁၀)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးခြေစမ်းပွဲကစားမည့် အိန္ဒိယအသင်း၌ ဘရာဇီးဘောလုံးသမားနှစ်ဦးပါဝင်

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ ဩဂုတ် ၃ ရက်၊ ၅ ရက်နှင့် ၇ ရက်တို့တွင် အိန္ဒိယနိုင်ငံ အနောက် ဘင်ဂေါပြည်နယ်မှ Mohun Bagan XI အသင်းသည် မြန်မာနိုင်ငံမှ အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် နှစ်ပွဲ၊ လူငယ်လက်ရွေးစင်အသင်းနှင့်တစ်ပွဲ ချစ်ကြည်ရေးခြေစမ်းပွဲများ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ချစ်ကြည်ရေး ခြေစမ်းပွဲများ ကစားမည့် အိန္ဒိယနိုင်ငံမှ Mohun Bagan XIဘောလုံးအသင်းသည် သက်တမ်းရင့်သည့် အသင်းတစ်သင်းဖြစ်သည်။ လွန်ခဲ့သော ၁၁၅နှစ်က ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ အာရှတိုက်တွင် အစောဆုံးဖွဲ့စည်းခဲ့သောအသင်း ဖြစ်ကြောင်းလည်း သိရသည်။ Mohun Bagan XIအသင်းသည် အိန္ဒိယလက်ရွေးစင်အသင်းကိုပင် သူတင်ကိုယ်တင် ယှဉ်ပြိုင်ကစားနေသောအသင်း ဖြစ်သည်။

ချစ်ကြည်ရေးခြေစမ်းပွဲများကစားမည့် မြန်မာနိုင်ငံမှ အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံ Mohun Bagan XI ဘောလုံးအသင်းတို့မှ တာဝန်ရှိသူများနှင့်မီဒီယာများ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၂ရက် ညနေ ၃ နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ)တွင် ကျင်းပခဲ့သည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းနည်းပြချုပ် ဦးတင်ဟန်က "အနိုင်ရရှိအောင်ကြိုးစားကစားသွားမည် ဖြစ်ကြောင်း၊ ယနေ့ကစားမည့်ပွဲတွင် အသင်း၏ First Line-up ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း၊ တစ်ဖက်အသင်းကလည်း အသင်းကောင်းတစ်သင်းဖြစ်၍ ခက်ခဲစွာ ယှဉ်ပြိုင်ရဖွယ်ရှိကြောင်း၊ ဘရာဇီးနိုင်ငံမှ ကြေးစားဘောလုံးသမားနှစ်ဦးပါဝင်၍ တစ်ဖက်အသင်းမှာ ကောင်းမည်ဟုထင်ကြောင်း၊ တစ်ဖက်အသင်း၏ ကစားပုံကို မမြင်ဖူးသော်လည်း မိမိတို့ကအကောင်းဆုံးဖြစ်အောင်ကြိုးစားကစားမည်ဖြစ်ကြောင်း၊ အသင်းမှ နောက်ခံလူနှစ်ဦးဖြစ်သည့် ဇော်လင်းထွန်းနှင့် ဇော်ထက်အောင်တို့မှာ ဒဏ်ရာရနေကြ၍ ယခုခြေစမ်းပွဲများတွင် ပါဝင်နိုင်မည် မဟုတ်ကြောင်း၊ ယင်းကစားသမားများနေရာတွင် မိုးကျော်သူ(ဘဏ္ဍာ/အခွန်)၊ အောင်ကျော်မိုး(စွမ်းအင်)နှင့် ကျော်ဇေယျာမင်း(ပို့ဆောင်ရေး)တို့ကို ထပ်မံအားဖြည့်ရွေးချယ်ထားကြောင်း" ပြောကြားသွားသည်။

အိန္ဒိယနိုင်ငံ Mohun Bagan XI ဘောလုံးအသင်းအုပ်ချုပ်သူ Mr. Subrata Bhattacharjee ကလည်း "မိမိတို့အသင်းအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်ကစားခြင်းဖြစ်ကြောင်း၊ မြန်မာအသင်း ကစားပုံကို မမြင်ဖူးသေးကြောင်း၊ အသင်းမှ ကစားသမားငါးဦးမှာ အိန္ဒိယလက်ရွေးစင်အသင်းတွင် လေ့ကျင့်လျက်ရှိကြောင်း၊ အသင်းတွင် ဘရာဇီးဘောလုံးသမားနှစ်ဦး ပါဝင်လာကြောင်း၊ ထိုကစားသမားနှစ်ဦးကို ယခုနှစ် ဇူလိုင်လကမှ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကစားသမားများမှာ ဂျာမနီနိုင်ငံတွင် ကစားခဲ့ဖူးကြောင်း၊ ကမ္ဘာ့ဘောလုံးအကျော်အမော် ရော်နယ်ဒို၏ သူငယ်ချင်းများလည်း ဖြစ်ကြောင်း၊ ယင်းကစားသမားနှစ်ဦးမှာ ကျောနံပါတ်(၂၃)Eduardo Chakom နှင့် ကျောနံပါတ်(၂၄) Rugis Carlox တို့ ဖြစ်ကြောင်း၊ မိမိတို့အသင်းသည် ၁၉၉၂ခုနှစ်မှစ၍ ကြေးစားဘောလုံးသမားများကို ခေါ်ယူခဲ့ကြောင်း။

နည်းပြဆရာကိုလည်း အသင်း၌ ကာလကြာမြင့်စွာ ကစားခဲ့သူကိုသာ ဆက်လက် တာဝန်ပေးထားကြောင်း၊ မိမိတို့အသင်းအနေဖြင့် ၂၀၀၁ခုနှစ်တွင် အာရှချန်ပီယံလိဂ် ပြိုင်ပွဲဝင်ခွင့်ရခဲ့ရာ တတိယအဆင့်၌ ကိုရီးယားမှ ကလပ်အသင်းကို ရှုံးနိမ့်ခဲ့ကြောင်း၊ မြန်မာပြည်ရာသီဥတုသည် မိမိတို့ရာသီဥတုနှင့် အတူတူဖြစ်၍ ကစားရာ၌ အဆင်ပြေမည်ထင်ကြောင်း၊ မိမိတို့အစွမ်းကုန် ကြိုးစားကစားသွားမည် ဖြစ်ကြောင်း" ပြောကြားသွားသည်။

ချစ်ကြည်ရေး ခြေစမ်းပွဲရက်များမှာ ဩဂုတ် ၃ရက်၌ အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် Mohun Bagan XI၊ ၅ရက်၌ အဖွဲ့ချုပ်လူငယ်လက်ရွေးစင်အသင်းနှင့် Mohun Bagan XI၊ ၇ရက်၌ အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် Mohun Bagan XI အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်းတွင်ကျင်းပမည်ဖြစ်ပြီး ညနေ ၄နာရီတွင် စတင်ကျင်းပမည် ဖြစ်သည်။

ယနေ့ကစားမည့်အဖွဲ့ချုပ်လက်ရွေးစင်အသင်းတွင် ဂိုးသမား-အောင်အောင်ဦး၊ ကျော်မင်းလှိုင်၊ ထွန်းထွန်းလင်း၊ နောက်တန်း-မင်းသူ၊ စိုးမြတ်မင်း၊ ကျော်ခိုင်ဝင်း၊ စိုးလင်းထွန်း၊ အောင်ဇော်မျိုး၊ ဟန်ဝင်းအောင်၊ မိုးကျော်သူ၊ အောင်ကျော်မိုး၊ ကျော်ဇေယျာမင်း၊ အလယ်တန်း-အောင်ကျော်မိုး၊ဇော်ဇော်၊ ထွန်းထွန်းဝင်း၊ မာလ၊ ဘိုဘိုအောင်၊ စန်းမောင်၊ မျိုးမင်းထွန်း၊ ကျော်ဇင်ဝင်း၊ မောင်မောင်အောင်၊ ရှေ့တန်း-ရန်ပိုင်၊ ဇော်ထိုက်၊ ထွန်းမင်းဦး၊ နိုင်ဝင်းနှင့် ထွန်းမင်းနိုင်တို့ ပါဝင်ကြသည်။ Mohun Bagan XI အသင်းတွင် ကစားသမား ၁၈ဦး ပါဝင်လာပြီး အုပ်ချုပ်မှုအဖွဲ့တွင် ငါးဦးလိုက်ပါလာကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် Mohun Bagan XI အသင်းတို့ ခြေစမ်းပွဲအကြို သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၂

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (၃-လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ခမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ကွမ်းခြံကုန်း မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သင်္ကန်းနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လိုသော မြို့နယ်သူ၊ မြို့နယ်သားများသည် ဦးစိုးညွန့် ဖုန်း-၂၂၄၅၈၀၊ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၀၊ ဦးကျော်စိုး ဖုန်း-၀၉-၅၀၁၄၂၆၊ ဦးကြိုင်မြင့် ဖုန်း-၂၉၅၉၈၈ နှင့် ဒေါ်ဥ ဖုန်း-၀၉-၈၀၃၃၉၁၅ တို့ထံ ဆက်သွယ်နိုင်ကြသည်။ (က-ပ)

ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့ နာယကဖလား ဘောလုံးပြိုင်ပွဲကျင်းပရေးရှင်းလင်း

ရန်ကုန် ဩဂုတ် ၂

၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီး အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီက အင်းလျားလမ်းရှိ ရွှေရှမ်းကန် စားသောက်ဆိုင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင်၊ အမျိုးသမီးဘောလုံးအဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော မီဒီယာများ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ပြိုင်ပွဲကို စက်တင်ဘာ ၁၂ရက်မှ ၂၉ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမဆုငွေ ကျပ် ၁၀သိန်း၊ ဒုတိယဆုငွေ ကျပ်ငါးသိန်း၊ တတိယဆုငွေ ကျပ်သုံးသိန်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ကျပ်နှစ်သောင်း၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆု ကျပ်တစ်သောင်းနှင့် ပွဲစဉ်အလိုက် အကောင်းဆုံးဆု ကျပ်ငါးထောင် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

၂၀၀၅ခုနှစ်၌ ကျင်းပမည့် ပြည်နယ်နှင့် တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးအသင်းအနေဖြင့် အောင်မြင်မှုရရှိရန်ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲမှ ထွက်ပေါ်လာသော ထူးချွန်သည့် အားကစားသမားများဖြင့် အသင်းကို ဖွဲ့စည်းသွားမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း စာလုံးစီပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံဆရာဝန်အသင်း စာလုံးစီ (Scrabble) ပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီက မှတ်သုံးဖလား စာလုံးစီပြိုင်ပွဲကို ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသောအသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – Introduction To Statistics (ဒုတိယနှစ်၊ ပြည်သူ့ရေးရာ)
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း-၂၁)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်နှင့် အယောင်ဆောင်စွမ်းအားရှင်" (အပိုင်း-၆) (ဇာတ်သိမ်းပိုင်း)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း ဓာတ်အားခွဲရုံတည်ဆောက်ရန်ပန္နက်တင်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)တွင် အသုံးပြုရန် 33KV ဓာတ်အားခွဲရုံနှင့် 33KV ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်ရန်မြေနေရာ သန့်စင်ခြင်းနှင့် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက်က မှော်ဘီမြို့နယ် အထယုကျေးရွာရှိ စီမံကိန်းဝင်း အတွင်း၌ ကျင်းပသည်။

ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး၊ရာပြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ စီမံကိန်းလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာ လက်ထောက်ဌာနမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မင်္ဂလာမြေနေရာ၌ ပန္နက်တင်မင်္ဂလာ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)** အထက်ပါ စီမံကိန်းပြီးဆုံးသွားပါက ရန်ကုန်မြို့တော်သို့ ပေးဝေနေကျ ရေဂါလန် ၉၅ သန်းအပြင် ထပ်မံ၍ ရေဂါလန် သန်း ၁၂၀ ပိုမိုဖြန့်ဝေသွားနိုင်မည်ဖြစ်သည်။ (၁၉)

တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဆရာတော်များအား ဂုဏ်ပြုပွဲ၊ စာအောင်သံဃာဆုလက်မှတ် ဆက်ကပ်ပွဲကို ဒုတိယဝါဆိုလပြည့်နေ့က ကျင်းပရာ အလှူရှင်များ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (၆၃)

ကြံခင်းစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက်၊ ရတနာပုံ(၁)လမ်း ကြံခင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒက အမှူးပြုသော ဝါဆိုသံဃာတော်အပါး ၁၅၀တို့အား ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ်(၇၂)နေ ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးဘိုကြီးနှင့်ဇနီး ဒေါ်သန်းသန်းမိသားစုတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၃၁ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒကထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ အလှူရှင်များဖြစ်သည့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့်ဇနီး ဒေါ်ခင်စန်းမြမိသားစုတို့က ဆွမ်းဝိုင်းငါးဝိုင်းစာ ပန်းကန်များလှူဒါန်းပြီး ရွှေပဒေသာပြည်လုံးချမ်းသာ သမားတော်ဦးဘိုကြီးနှင့် ဇနီးဒေါ်သန်းသန်းမိသားစုက ဝါဆိုသင်္ကန်း အစုံ ၁၅၀နှင့် အခြားအလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၄)လမ်း အမှတ် (၅၅)နေ ကွယ်လွန်သူ ဦးစံဟိုအားရည်စူး၍ အမိ ဒေါ်မြတင်အား အမှူးထားပြီး ဒေါ်ဝင်းနှင့် သားသမီးမြေးမြစ်တစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ် ၂၀၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ဇူလိုင် ၂၉ ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဒဂုံမြို့နယ် အမှတ် (၅၄) ယောမင်းကြီးလမ်းနေ (ဦးမောင်မောင်သွင်)-ဒေါ်တင်ကြည်နှင့်သားသမီးမြေးတစ်စုက ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၅၂၀၀၀၀ကို ဇူလိုင် ၁၉ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။ (က-ပ)

ဝန်ထမ်းအလိုရှိသည်

၁။ မန်နေဂျာ ကျား (၁) ဦး

၂။ Chief Engineer ကျား (၁) ဦး

B.E (Civil)

၃။ Site Engineer ကျား (၂) ဦး

B.E (or) A.G.T.I (Civil)

၄။ ရုံးဝန်ထမ်း မ (၂) ဦး

၅။ ရုံးအကူ ကျား (၁) ဦး

EXCELLENT UNITY CO., LTD.

FIRST BABY

Pre School



ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

COCA SUKI RESTAURANT

Since 1957

Vegetarian Special Suki Buffet (1.8.2004)

LUNCH: 15%OFF

COCA SUKI Restaurant - at Summit Parkview Hotel,350, Ahlone Road, Yangon.
Phone: 229904,229905

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI နှင့် ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြား တိုင်းပြည်များ ပညာသင်ဆုထောက်ပံ့ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သောလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် ကန်တော်ကြီး ပဲလေ့(စ်)ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က သင်တန်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ENGLISH (U.M.N)

Visa Home Interview

GRAMMAR

Mon to Fri (16, Aug)

Great Wall

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်ဦးတီတိုး၏ နိုင်ငံကူးလက်မှတ်အမှတ်-၅၄၅၄၃၅နှင့် ကျွန်မဒေါ်နန်းအိအိစန်း၏ နိုင်ငံကူးလက်မှတ် အမှတ်-၃၃၇၉၄၆တို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

အမှတ်-၆၂၊ ပန်းဆိုးတန်းလမ်း။

ဖုန်း-၂၄၂၅၄၃၊ ၅၇၈၆၉၄။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈က/၄၉၅၉ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန ခရိုင်ရုံး ပခုက္ကူသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး၊ ပခုက္ကူ။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၂၉-လမ်း၊ အမှတ်(၄၉-က)၊ မြေညီထပ်နေ ဦးဟံမြင့်(ကွယ်လွန်)၊ ဒေါ်ရင်ရွှေတို့တွင် သမီးများဖြစ်သော ဒေါ်ခင်ဌေးဝင်း(ခ)ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်စန်းရီ၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ရွှေဇင်မြင့်တို့နှင့်သားများဖြစ်သော မောင်မြင့်ရွှေဦး၊ မောင်သန်းထွဋ် သားသမီး(၈)ဦးရှိပါသည်။ ဖခင်ကြီး ဦးဟံမြင့် ကွယ်လွန်ပြီးနောက် ကျန်ရှိသော (၁) အမှတ်(၄၉-က)၊ မြေညီထပ်၊ (၂၉)လမ်း နေအိမ်နှင့် ၎င်းအိမ်၌ တပ်ဆင်ထားသော တယ်လီဖုန်း(၂၄၃၂၈၉)၊ (၂)နေအိမ်အခန်း အမှတ်(၄၉၅)၊ အခန်း(၀၀၁)၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်းရှိ တက်သစ်စကနောင်ရွှေဆိုင်(၁)နှင့် ၎င်းဆိုင်တွင် တပ်ဆင်ထားသော တယ်လီဖုန်း အမှတ်(၂၄၆၃၉၇)၊ (၃)အမှတ်(၄၉၉-ဘီ)၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်းရှိ တက်သစ်စကနောင်ရွှေဆိုင်(၂)တို့မှာ မိခင်ဒေါ်ရင်ရွှေနှင့် သားသမီး(၈)ဦးပိုင် အမွေဆိုင်နေအိမ်ဆိုင်ခန်းများဖြစ်ပါသည်။

အမွေဆိုင် နေအိမ်ဆိုင်ခန်းများဖြစ်ပါ၍ အမည်လွှဲပြောင်းခြင်း၊ တစ်စုံတစ်ယောက်၏အမည်ဖြင့် ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ဌေးဝင်း(ခ)ဒေါ်ဌေးဌေးဝင်း
[၁၂/ပဘတ(နိုင်) ၀၀၈၄၈၀]
ဒေါ်ခင်ဝင်းရီ
[၁၂/ပဘတ(နိုင်) ၀၁၂၉၈၈]

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုပေါင်း၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေ့ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာ့ဂုဏ်ရောင်လမ်း ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်ရှေ့သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်အတူ မြန်မာ့ဂုဏ်ရောင်လမ်းတစ်လျှောက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် ဇဝနလမ်းဆုံ၌ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာ လမ်းတစ်လျှောက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗိုလ်မှူးဗထူးလမ်းနှင့် ဗိုလ်မင်းရောင်လမ်းဆုံအနီး ဗိုလ်မှူးဗထူးလမ်းတစ်လျှောက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် ရေမြောင်းများနှင့် အမှိုက်ပုံများ၌ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းနှင့် ဝေဘာဂီလမ်းဆုံ အနီး၌ ဝေဘာဂီလမ်းတစ်လျှောက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ သုခမ္မာလမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်းများ တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် သန့်ရှင်းသပ်ရပ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း နေထိုင်လျက်ရှိသည့် ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်၌ နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့မှ အမှိုက်များ စနစ်တကျစွန့်ပစ်၊ သိမ်းဆည်းခြင်း၊ ရေအိုင်များ၊ ရေမြောင်းပုပ်များ မရှိစေရန် ရေစီးရေလာ ကောင်းမွန်စေရေး လုပ်ငန်းများ အလေးထားဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါပိုးများ သယ်ဆောင်သည့် ခြင်နှင့် ယင်များ ပေါက်ဖွားခြင်းမရှိစေရန် အမှိုက်ပုံများနှင့် ရေမြောင်းများ၌ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှု မရှိစေရန် ပလတ်စတစ် အမှိုက်များကို တစ်စမြင် တစ်စကောက် စွန့်ပစ်ခြင်းများကို အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အားလုံးတို့၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ဇူလိုင် ၈ ရက်က ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောလှဦးနှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးဦးတို့ ဦးဆောင်၍ မြို့သာယာလှပရေးကော်မတီနှင့် အဖွဲ့ဝန်ထမ်းများ အဖွဲ့ပိုင် ပန်းခြံနှင့် မြို့တွင်း လမ်းဘေးဝဲ-ယာတို့တွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (က-ပ)

ကျောက်ပန်းတောင်းမြို့နယ် ခါးပတ်ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စည်ပင်အမှုဆောင် အရာရှိ ဦးဌေးဝင်း၊ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်ဆန်းတို့ ဇူလိုင် ၈ ရက်က စစ်ဆေးစဉ်။ (မြို့နယ်/စည်ပင်)

သီတဂူဆရာတော် အထူးတရားပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ရွှေကျင် ဒုတိယသာသနာပိုင် ဆရာတော်နှင့် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော်တို့၏တပည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် လက်ထောက် မော်ကွန်းထိန်း အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ Bumaras Hindi University မှ ပါရဂူဒေါက်တာဘွဲ့ (Ph.D) ရရှိခဲ့သော ပါမောက္ခဒေါက်တာ အရှင်ပညာဇောတအား ဂုဏ်ဝိသိဋ္ဌပူဇာ ဂုဏ်ပြုပူဇော်ပွဲကို လူမှုထူးချွန် (ပထမဆင့်) သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း- သီဟသုဓမ္မသီင်္ဂ သီရိသုဓမ္မသီင်္ဂ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂ ဒေါ်နီနှင့် သားသမီးမြေးတစ်စု (ရွှေသံလွင် ကုမ္ပဏီမိသားစု) တို့က ကမကထပြု၍ ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဂုဏ်ပြုပူဇော်ပွဲတွင် သီတဂူဆရာတော် ကြွရောက်၍ ရေစက်ချ အနုမောဒနာတရား ချီးမြှင့်မည်ဖြစ်ပြီး ယင်းနေ့ည ၇ နာရီတွင် သီတဂူဆရာတော်က အထူးတရားပွဲ ချီးမြှင့်ဟောကြားမည်ဖြစ်ပြီး ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ပါမောက္ခ ဒေါက်တာ အရှင်ပညာဇောတအား ရွှေသံလွင် ကုမ္ပဏီမိသားစုက သိက္ခာထပ်မင်္ဂလာ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဝါတွင်းနေ့ဆွမ်းဒါန

ရန်ကုန် ဩဂုတ် ၂

လမ်းမတော်မြို့နယ် (၁၁) လမ်း မိသားစု၏ (၂၄) ကြိမ်မြောက် ဝါတွင်းကာလ (အင်္ဂါနေ့) နေ့ဆွမ်းဒါနကို ယခင်နှစ်များကဲ့သို့ လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာစံကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၂

ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းရှိ မဟာညောင်ကုန်းကျောင်းတိုက်မင်္ဂလာစံကျောင်း၏ (၁၂)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်

ဖြူး ဇူလိုင် ၂၁

ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဖြူးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၄ ရက်က ဝဲကြီး ကျေးရွာအုပ်စု၊ ဝဲကြီးအနောက်ကျေးရွာတွင် ဝန်ဇင်းရာဇာ ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

ပညာသင်စရိတ် ထောက်ပံ့

ရွှေဘို ဇူလိုင် ၂၀

ရွှေဘိုမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ချီးတဲ့သည့် ပညာထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက်က ရွှေဘိုမြို့ အထက(၁) ခန်းမတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက အထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ မူလတန်းကျောင်း ၁၆ ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ ၈၄ ဦးတို့အား ပညာသင်စရိတ်ငွေ ကျပ်ငါးသိန်းကျော်ကို ထောက်ပံ့ချီးမြှင့်သည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရတနာသီရိလမ်း ဇဝနလုံးချင်းအိမ်ရာ တိုက် အမှတ်(၁)နေ မိဘနှစ်ပါးအားအမှူးထား၍ ဆရာမဒေါ်ဆွေဆွေဝင်း (အီးတီ) မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ ဇူလိုင် ၂၃ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီး မိုးကုတ်ဓမ္မရိပ်သာ ပြာသာဒ်တိုက် ဝိသာခါဓမ္မာရုံတွင် ဦးဓမ္မသာဝ(ခ)ဦးဇေဒိုလသည် ၁၃ ရက် အဓိဋ္ဌာန် တရားစခန်းကို ဒုတိယဝါဆိုလပြည့်နေ့မှ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်ထိ တရားစခန်းဖွင့်လှစ်ပြီး သက်သတ်လွတ် စရိတ်ငြိမ်း ကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၂၉ ရက်က အလက(၁) ပန်းဘဲတန်း ၏ ၂၀၀၃ - ၂၀၀၄ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲတွင် သတ္တမတန်းမှ ပထမဆုရ မမိုးပွင့်ဖြူအား ကျောင်းအုပ် ဆရာကြီး ဦးကျော်နိုင် ဆု ချီးမြှင့်စဉ်။ (က-ပ)

ဝသန်ရာသီ ကုန်စည်ပြပွဲကျင်းပမည်

ပဲခူး ဇူလိုင် ၃၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပဲခူးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Business Power Groupက ဦးစီး၍ "ပဲခူးမြို့ ဝသန်ရာသီကုန်စည်ပြပွဲနှင့် ရောင်းချပွဲတော်"ကို ကျင်းပမည်ဖြစ်သည်။

ကုန်စည်ပြပွဲနှင့်ရောင်းချပွဲကိုဩဂုတ် ၁၈ ရက်မှ ၂၂ရက်အထိ နံနက် ၉နာရီမှစ၍ ပဲခူးမြို့ အား/ကာခန်းမတွင် ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ယင်းကုန်စည်ပြပွဲနှင့် ရောင်းချပွဲကြီးတွင် အလှကုန်အမျိုးမျိုး၊ အထည်အလိပ်များ၊ စတီးပစ္စည်းများ၊ မြန်မာ့တိုင်းရင်းဆေးဝါးကုမ္ပဏီများ၊ခေါင်းလျှော်ရည်နှင့် ဆပ်ပြာကုမ္ပဏီများ၊ အချိုရည်ကုမ္ပဏီများ၊ စားသောက်ကုန်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများ၊ ဆိုင်ခန်းပေါင်း ၅၆ ခန်း ပါဝင်ပြသပြီး ဈေးနှုန်း ချိုသာစွာ ရောင်းချပေးမည်ဖြစ်သည်။

ကုန်စည်ပြပွဲတွင် အရောင်းမြှင့်တင်ရေးသရုပ်ပြပွဲ အစီအစဉ်များနှင့် အခြားပျော်ပွဲရွှင်ပွဲ အစီအစဉ်များကိုလည်း တစ်ရက်နှစ်ကြိမ်မှ သုံးကြိမ် အခမဲ့ဖျော်ဖြေတင်ဆက်မည် ဖြစ်သည်။

ပါဝင်ပြသရောင်းချလိုသော ကုမ္ပဏီများနှင့် Sponsor များအဖြစ် ပံ့ပိုးကူညီပါဝင်လိုကြသည့် ကုမ္ပဏီများသည် Business Power Group တိုက်(၁၄)၊ မြေညီ (ပထပ်) ဦးစံငြိမ်းလမ်း စမ်းချောင်း(တောင်)ရပ်ကွက်စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၀၇၆၂၊ ၅၂၄၅၃၈၊ Fax 500186၊ Email ync@ mptmail. net. mm သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှဘုရားကြီး ဒီပါမြေကျောင်းတိုက်၏ ထာဝရဆွမ်းပဒေသာပင်အတွက် ဇူလိုင်၂၄ရက်က ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှု၃လမ်း အမှတ်(၁၈၇)နေ ဒါရိုက်တာ မောင်ယဉ်ကျော်-ဒေါ်နုနု၊ ကိုသက်ခိုင်-မမြတ်မြတ်စန်းမိသားစုတို့က ကျေးဇူးတော်ရှင်ဆရာတော်ဘဒ္ဒန္တ ကေသရအား ဦးထိပ်ထားပြီး ဆွမ်းပဒေသာပင်အလှူတော်ငွေကျပ်တစ်သိန်းကို ဒီပါမြေတိုက်အုပ်ဆရာတော် ဘဒ္ဒန္တ တေဇထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ညောင်ဦး မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းသီတင်းစဉ်ဓမ္မသဘင်

ညောင်ဦး ဇူလိုင် ၂၈

ညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ၌ ယောဂီများ စုပေါင်းကျင်းပသော ၁၃၆၆ ခုနှစ် ဝါတွင်း သီတင်းစဉ်ဓမ္မသဘင်ကို ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ မွန်းလွဲ ၂နာရီနှင့် ည ၇ နာရီတို့တွင် ဆရာတော် ဘဒ္ဒန္တ ကေသဝ ချမ်းမြေ့ရတနာကျောင်း ဘုံကျော်တိုက် မန္တလေးမြို့၊ (ဖြူ) ဆရာတော် ဘဒ္ဒန္တ နရပတိ၊ ဆရာတော်ဘဒ္ဒန္တ ထေရဝံသ မဟာစည်ရိပ်သာ ရန်ကုန်မြို့၊ ဆရာတော် ဘဒ္ဒန္တ ပညာစက္က မဟာစည်သာသနာ့ရိပ်သာ ဆိပ်ခွန်ရွာ ရွှေဘိုမြို့၊ ဆရာတော် ဘဒ္ဒန္တ ဝိမလ ဝါဆိုကျောင်း ကြို့ပင်ကောက်မြို့၊ ဆရာတော် ဘဒ္ဒန္တ သုဇာတ မေတ္တာအေးသာသနာ့ရိပ်သာ သဃ်န်းကျွန်း ရန်ကုန်မြို့၊ ဆရာတော် ဘဒ္ဒန္တ ဝိစာရ ညောင်ကန်အေးရိပ်သာ ရန်ကုန်မြို့၊ ဆရာတော်ဘဒ္ဒန္တ သုမင်္ဂလခေမာ ဝင်းကျောင်း မြတောင်တိုက် မန္တလေးမြို့၊ဆရာတော် ဘဒ္ဒန္တ ကုသလဗုဒ္ဓိ ဓမ္မရောင်ခြည်ကျောင်း အသောကာရာမတိုက် မန္တလေးမြို့၊ ဆရာတော် ဘဒ္ဒန္တ ဇောတသာရ မြင်းကကုန်း မဟာစည်ရိပ်သာ၊ ဆရာတော်ဘဒ္ဒန္တ မုနိန္ဒ မြန်အောင်ကျောင်း မူလဆီးဘန်နီတိုက် မန္တလေးမြို့၊ ဆရာတော် ဘဒ္ဒန္တ အရိယာဝံသ မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့တို့က အလှည့်ကျတရားချီးမြှင့်မည်ဖြစ်သည်။ (က-ပ)

ကျန်းမာရေးစောင့်ရှောက်မှုဟောပြော

ဂန့်ဂေါ ဇူလိုင် ၂၅

ကိုယ်ဝန်ဆောင်မိခင်များကျန်းမာရေးစောင့်ရှောက်မှု ဟောပြောပွဲကို ဇူလိုင် ၂ ရက် နံနက်က ဂန့်ဂေါမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၌ကျင်းပရာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်သီတာက အမှာစကားပြောကြားသည်။

ရှင်းလင်းဟောပြော

ထို့နောက် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်စိန်နှင့် မီးယပ်နှင့် သားဖွားအထူးကု ဒေါက်တာသင်းသင်းဦးတို့က ကိုယ်ဝန်ဆောင်မိခင်များ သိသင့်၊ ဆောင်သင့်သည့် ကျန်းမာရေး စောင့်ရှောက်ရန် လိုအပ်ချက်များကို ရှင်းလင်းဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသော ကိုယ်ဝန်ဆောင် မိခင်များအတွက် လိုအပ်သည့်ဆေးဝါးများကို ပေးအပ်ထောက်ပံ့ပေးသည်။ (၄၆၅)

မြို့နယ် သတင်းများ

လယ်တီဝိပဿနာ တရားတော်များ နာယူနိုင်

မော်လမြိုင် ဇူလိုင် ၃၀

မော်လမြိုင်မြို့ မောင်ငံရပ် ပရိယတ္တိပညာရာမကျောင်းတိုက်တွင် ၁၃၆၆ ခုနှစ် ဝါတွင်းသုံးလပတ်လုံး သီတင်းနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ လယ်တီသမထ/ဝိပဿနာ တရားများကို ဘဒ္ဒန္တ ရာဇိန္ဒ (လယ်တီကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ) က ဟောပြောပြသပေးမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဒဂုံမြို့သစ်(တောင်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ နှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်လျက်ရှိရာ ဇူလိုင်၁၄ရက်က အမှတ်(၅၄)ရပ်ကွက် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးဝင်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မြို့သစ်မြို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မြို့သစ် ဇူလိုင် ၂၄

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးကျောင်းတိုက်သာသနာ့သိပ္ပံကျောင်း ဆရာတော် ဦးတေဇိန္ဒ ဆောက်လုပ်လှူဒါန်းသော မကွေးတိုင်း မြို့သစ်မြို့နယ် မကြီးထူးကျေးရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် အခြေခံ မူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် ဦးတေဇိန္ဒကိုယ်စား စာအုပ်အလှူရှင် ဆရာတော် ဦးဥက္ကံသမာလာက စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့် မြို့သစ်မြို့နယ် အတွင်းရေးမှူး ဦးမျိုးညွန့်၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ငွေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြသောင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသောင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပညာတန်ဆောင် စာကြည့်တိုက်နှင့် မူလတန်းလွန်ကျောင်းဆိုင်းဘုတ်တို့ကို တာဝန်ရှိသူအသီးသီးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

သုံးခွ ဇူလိုင် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၅၃၀၀၀၀ ကို ဇူလိုင် ၂၂ ရက်က ရဲနွယ်ချောင်း၊ ပုဂံတောင်ချောင်း၊ ခရမ်းချောင်းမတို့၌ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။**(အောက်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ သစ်ပင်စိုက်ပျိုး

မိုင်းနောင် ဇူလိုင် ၂၃

လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီးသောင်းအေး တက်ရောက်စိုက်ပျိုးပေးပြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ပြည်သူများက စိုက်ပျိုးခဲ့ကြသည်။ **(ပြန်/ဆက်)**

မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုနယ်မြေ ရွှေပြည်သာမြို့နယ် ဝါးတရာ၌ ကျင်းပသော ၂၀၀၄-၂၀၀၅ ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် ဒုတိယ အထွေထွေမန်နေဂျာ ဦးစိန်ဗိုက်က အထက-၂ ကျောင်းသူ မစန်းစန်းအေးအား ထောက်ပံ့ကြေးငွေပေးအပ်စဉ်။ (က-ပ)

နာရေးကူညီမှုဆောင်ရွက်

မလှိုင် ဇူလိုင် ၂၉

မလှိုင်မြို့ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် "ဗလငါးတန်-လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့" ကို ဇွန်၃၀ ရက်က ဖွဲ့စည်း၍ အမှတ်(၅) ရပ် ဦးမောင်မောင်တင်၊ဒေါ်ပြုံးကြည် မိသားစုတို့ လှူဒါန်းထားသောတိုယိုတာ ဟိုက်လပ်ကားဖြင့် နာရေးကူညီမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ (က-ပ)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့ ဦးစီးပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ညောင်တုန်းမြို့အဝင် တြိဂံချွန်းနှင့် မြို့အဝင်လမ်းဆားဝဲယာတို့တွင် ပန်းအလှပြုပြင်စိုက်ပျိုးခြင်း၊ "ကြိုဆိုပါ၏" မြေပြင်ပန်းကွက်ဖော်ခြင်းနှင့် မြေပြင်ပန်း အလှ စိုက်ပျိုးခြင်းတို့ကို ဇူလိုင်၂၀ရက်က ဆောင်ရွက်ကြစဉ်။ (၁၆၁)

ညောင်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

လှိုင်သာယာ ဇူလိုင် ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ညောင်ကျေးရွာအုပ်စုတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍"ရွှေညောင်မြေ" ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ဟောပြောပွဲအခမ်းအနားကို ယင်းစာကြည့်တိုက်၌ ဇူလိုင် ၂၀ ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်မြင့်မြင့်နိုင်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က ကျေးလက်ပြည်သူများ ပညာရည် မြင့်မားရေးအတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို ဟောပြောပြီး စာအုပ်၊ မဂ္ဂဇင်းအုပ်ရေ ၅၀နှင့်ဂျာနယ်များကို လှူဒါန်းရာကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

လမ်းမတော်မြို့နယ်(၁၃)လမ်း (ဦးဘဂျမ်းလမ်း) ဝါတွင်းသံဃာဒါန ဆွမ်းလောင်းလှူမည်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၆)ရပ်ကွက် အောက်(၁၃)လမ်း (ဦးဘဂျမ်းလမ်း) မိသားစုမှ (၃၁)ကြိမ်မြောက် ဝါတွင်းကာလ (တနင်္ဂနွေနေ့) နံနက်တိုင်း သံဃာတော် အရှင်သူမြတ်များ၊ သီလရှင် ဆရာလေးများအား၊ အရဏ်ဆွမ်း လောင်းလှူမည်ဖြစ်ပါ၍ ဆွမ်းခံကြွတော်မူကြပါရန် ပင့်ဖိတ်လျှောက်ထားပါသည်။ **(က-ပ)**

ဇူလိုင် ၂၉ ရက်က ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစုဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်၊ သံဃာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကျင်းပ

အုတ်တွင်း ဇူလိုင် ၂၃

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက အုတ်တွင်း တလုပ်ကုန်း-ကြွယ်ဂံ ကျေးရွာသွားလမ်းမတွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြပြီး၊ အရိပ်ရနှင့် စားပင်လေးမျိုး ပျိုးပင်ပေါင်း ၇၀၀ တို့ လမ်းဘေး ဝဲ၊ ယာတစ်လျှောက် စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(အောက်ပုံ)** (၂၉၄)

ကျေးလက်စက်ရေတွင်း ထိန်းသိမ်းရေး သင်တန်းပို့ချမှုစစ်ဆေး

ညောင်ဦး ဇူလိုင် ၃၀

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှသည် ဇူလိုင် ၂၃ ရက်က ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု စံပြကျေးရွာ စက်ရေတွင်းနေရာ၌ ညောင်ဦး(ပုဂံ) မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ဘီအေရျှေ(ပုဂံ)တို့ ပူးပေါင်းဖွင့်လှစ်သည့် "ကျေးလက်စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေးအခြေခံ သင်တန်း အမှတ်စဉ် ၁/၂၀၀၄" လက်တွေ့သင်တန်းပို့ချမှုကို ကြည့်ရှုစစ်ဆေးသည်။

သင်တန်းသို့ တက်ရောက်လျက်ရှိသည့် ကျေးရွာ ၁၆ ရွာမှ သင်တန်းသား ၃၂ ဦးတို့အား တွေ့ဆုံပြီး စက်ရေတွင်းများ ရေရှည်ထိန်းသိမ်းသွားရေး ဆောင်ရွက်ရမည့် အစီအမံများကို အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။ **(က-ပ)**

မင်းတုန်းမြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဟောပြော

မင်းတုန်း ဇူလိုင် ၂၉

မကွေးတိုင်း သရက်ခရိုင် မင်းတုန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပသည်။

ဟောပြော

အခမ်းအနားကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် အထက အဆောင်(၁)၌ ကျင်းပသည်။ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်တရားနှင့်ဥပဒေ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပညာရေး၊ ကျန်းမာရေးတို့က ကြီးမှူး၍ ပညာပေး ဟောပြောကြသည်။

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မြတ်သန့်၊ မြို့နယ်ဆရာဝန်ကြီး ဦးသိန်းဌေးတို့က တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအား မူးယစ်ဆေးဝါးနှင့် ပတ်သက်သော သိသင့်သိထိုက်သည့် အချက်အလက်များကို ရှုထောင့်မျိုးစုံမှ ဟောပြောခဲ့ကြောင်း သိရသည်။ **(၄၈၃)**

ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ကာလိုင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင်၂၅ရက်က အမှုဆောင်အရာရှိဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့က ကြီးကြပ် ဆောင်ရွက်စဉ်။ (က-ပ)

မိုးစပါး တိုးချဲ့ဧက ကွင်းဆင်းဆောင်ရွက်

တောင်သာ ဇူလိုင် ၃၁

ဇူလိုင် ၅ ရက်က တောင်သာမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဥက္ကဋ္ဌ ဦးစောသန့်ဆွေနှင့် မြို့နယ် စိုက်ညှိအဖွဲ့ဝင်များသည် ကျောဇီမြစ်ရေတင်ဒေသတွင် နွေစပါး ၇၀၅ ဧက ဖြစ်ထွန်းအောင်မြင်မှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ကြည့်ရှုစစ်ဆေး

၂၀၀၄-၂၀၀၅ ခုနှစ်အတွက် မိုးစပါး တိုးချဲ့စိုက်ပျိုးမည့် ကန်ရွာကျေးရွာကွင်းအမှတ် (၈၅၃)၊ မီးပေါက်ကျေးရွာကွင်းအမှတ် (၈၀၄) တို့မှ ဧရိယာ ၂၄၉ ဧကနှင့် ၎င်းကွင်းများသို့ ရေပေးပို့မည့် ရေသောက် မြောင်းမကြီးနှင့် လယ်ကြားမြောင်း ဖောက်လုပ်ထားမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ အားဆေးနှင့် မြက်ခင်းတု လှူဒါန်း

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ အားဆေးနှင့် လေ့ကျင့်ရေးမြက်ခင်းတု လှူဒါန်းသည့် အခမ်းအနားကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူ ဟော်ကီအားကစားကွင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အာရှဟော်ကီအဖွဲ့ချုပ်က ကြီးမှူး၍ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒက္ကာမြို့တွင် ကျင်းပမည့် အသက် ၂၁ နှစ်အောက် ခြောက်နိုင်ငံ ဖိတ်ခေါ် ဟော်ကီပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသော မြန်မာ့ဟော်ကီ လူငယ် အားကစားသမားများအတွက် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံနှင့် ဇီဝိတဒါနအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် လေ့ကျင့်ရေးကော်မတီ အတွင်းရေးမှူး ဦးမူဆာအေမဒါးက မြန်မာ့လူငယ်လက်ရွေးစင် ဟော်ကီ အားကစားသမားများအတွက် ခွန်အားပြည့် အားဆေးငွေကျပ် တစ်သိန်းဖိုးကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဌေးသိန်းက ငွေကျပ် ခြောက်သောင်းတန်ဖိုးရှိ လေ့ကျင့်ရေးအတွက် မြက်ခင်းတုကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာ) ဦးကျော်နိုင်နှင့် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ဘဏ္ဍာရေး) ဦးမောင်မောင်(ရွှေကမ္ဘာ) တို့က လက်ခံကြပြီး ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာ) ဦးကျော်နိုင်က ကျေးဇူးတင်စကားက ပြန်လည်ပြောကြားသည်။ **(အောက်ပုံ) (ကြေးမုံ)**

ဩဂုတ်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်လာနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းမည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် လေးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ငါးပေခန့်၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ခြောက်ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် လေးပေခန့် လက်ရှိရေမှတ်များအောက် အသီးသီးကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ခုနစ်ပေခန့်၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ကိုးပေခန့်နှင့် မုံရွာမြို့တွင် ခြောက်ပေခန့် လက်ရှိရေမှတ်များအောက် အသီးသီး ကျဆင်းနိုင်သည်။

VINEGAR MYANMAR®
မြန်မာဗီနီဂါ
★ ငရုတ်ဆီ
☎ : 510770, 4463030

FAME
DYSENZI®
ဝမ်းကိုက်ပျောက်ဆေး

TOP ☎ 243363 705877

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ကျေးဇူးရှင် မိခင်ကြီး ဒေါ်သန်းရင် မိသားစုအပေါ် သံယောဇဉ်အရှိဆုံးနှင့် မေတ္တာတရားကြီးမားလှစွာသော ကျေးဇူးရှင်မိခင်ကြီး ကွယ်လွန်သွားခဲ့သည်မှာ (၅)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း နှမြောတသမဆုံးပါ၊ ကျေးဇူးရှင်မိခင်ကြီးအား အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် အောင်သီတာစာသင်တိုက်၌ အရဏ်ဆွမ်းများ ကပ်လှူခြင်းနှင့် ၃-၈-၂၀၀၄ရက်တွင် သုံးခွမြို့ရေလည်ကျောင်းတိုက် ဆရာတော်အား ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် နေ့ဆွမ်းလှူဒါန်းပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သမီး–ကိုဟန်ကြည်–မအေးအေးမော်
မြေး–မဝင့်ဝါဝါလင်း။

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး၊ တရားမရုံး၌
၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၇၈

ဒေါ်လှဌေး **နှင့်** ၁။ကြယ်ငါးပွင့်ဝန်ဆောင်မှုအထွေထွေ ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်။
၂။ဦးသိန်းဇော်

(လျှောက်သူ) **(လျှောက်ထားခံရသူ)**

ဦးသိန်းဇော်တစ်ဆင့် ဦးကိုကိုလွင်၊ အမှတ်–၄၃၊ (၃)လွှာ(ခေါင်းရင်းခန်း) ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်လှဌေးက ဤရုံးသို့ လျှောက်ထားသူ တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်း ၅၈အရ လျှောက်ထားမှုအား ခွင့်ပြု၍ လျှောက်ထားသူ လက်ဝယ်ပိုင်ဆိုင်ထားသည့် မြေနှင့် အိမ်ပေါ်တွင် တရားမကျင့်ထုံးဥပဒေအမိန့်(၂၁)၊ နည်း(၅၄)အရ ထုတ်ဆင့်ခဲ့သည့် ပညတ်အမိန့်အား ပြန်လည်ရုပ်သိမ်း(ဝရမ်းခွာ)ပေးပါရန် လျှောက်ထားသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း၊ အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၀၄ခုနှစ်၊ ဩဂုတ် ၁၁ရက် (၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်)နေ့၊မွန်းမတည့်မီ ၉း၃၀နာရီ အချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **စန္ဒာသွယ်**

တွဲဖက်တိုင်းတရားသူကြီး(၁၄)၊ ရန်ကုန်တိုင်းတရားရုံး။

Imperial Fruit Group
(7.8.2004) မှ (11.8.2004)
Ph - 09-69707794, 02-36444

ဖခင်အမည်မှန်

တာမွေမြို့နယ် အထက(၁)၊ ဒသမတန်း(C)မှ မောင်စိုင်းတူးတူးဟိန်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်ထွန်း [၁၃/ဆဆန(နိုင်)၀၄၇၄၉၉] ဖြစ်ပါကြောင်း။ **ဦးစိုင်းအောင်ထွန်း။**

အမည်ပြောင်းခြင်း

ဦးစိုင်းအောင်ထွန်း၏သား တာမွေမြို့နယ် အထက(၁)၊ ဒသမတန်း(C)မှ မောင်တူးတူးအား မောင်စိုင်းတူးတူးဟိန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်စိုင်းတူးတူးဟိန်း။

ဝမ်းနည်းကြေကွဲခြင်း

Ms. Theresa Raphael

အသက်(၆၇)နှစ်

(၂၉–၇–၂၀၀၄)နေ့တွင် ခရစ်တော်၌ အိပ်ပျော်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်နိုင်ဦး၊
ဦးဇော်နိုင်ဦး၊
ဦးသက်နိုင်ဦး
NAING Group& CHERRY Oo.

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းမြင့် အသက်(၅၄)နှစ်

Asst: General Manager
(Timber Department)

ဦးဝင်းမြင့် (၂၉–၇–၂၀၀၄)ရက်တွင် ကွယ်လွန်သည့်အတွက် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

ဥက္ကဋ္ဌ
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
Royal Pacific International Co., Ltd.
Royal Pacific Group of Companies.

ဘုရား၊ကျောင်းဒါယိကာမကြီး

ဒေါ်စိန်
အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘသောင်း–ဒေါ်သန်း)တို့၏သမီး၊ ပုသိမ်မြို့နေ (ဦးမောင်ခိုင်–ဒေါ်လှတင်) တို့၏သမီးချွေးမ၊ အမှတ်(၁၆၄)၊ အခန်း(၁၂)၊ (၈၇)လမ်းနှင့် (၈၈)လမ်းကြား၊ မြန်မာ့ဂုဏ်ရည်လမ်း ကန်တော်လေးနေ၊ (ဦးဝင်းကြည်)၏ဇနီး၊ (ဦးစိုးမြင့်)–ဒေါ်သန်းသန်းဌေး၊ ဦးမြင့်စိန်၊ ဦးမြင့်စိုး–ဒေါ်နီနီခင်(အထက(၂)လသာ)၊ ဒေါ်ချိုချိုခင် (အထက(၁)၊လသာ)၊ဦးစိုးအောင် (3E ASP Co.,Ltd.)– ဒေါ်မိုးမိုးသူ (မြန်မာ့လေကြောင်း)၊ ဒေါ်မြတ်မြတ်သူ(ခ) ပိုးပိုး (Mitsubishi Electric, PMECo.,Ltd.)တို့၏ ကျေးဇူးရှင်မိခင်ကြီး ၊ မြေးလေးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁–၈–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ဝး၄၂မိနစ် အချိန်တွင် မိုးမခဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃–၈–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သန်း
မန္တလေး
အသက်(၅၇)နှစ်
("ထွန်းလင်း"မိတ္တူ၊ ရန်ကုန်)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၂)လမ်း၊ အမှတ်(၈၉/၉၁)၊ အခန်း(၃၄)နေ၊ (ဦးမြရွှေ–ဒေါ်ငယ်)တို့၏ သား၊ မုဒုံမြို့နေ (ဦးကင်ရှမ်း)–ဒေါ်ဖန်ဝေ တို့၏ သားသမက်၊ မန္တလေးမြို့နေ (ဦးအေး)–ဒေါ်တင်တင်ဝင်း၊ (ဦးဌေး) တို့၏ညီ၊ ရန်ကုန်မြို့နေ ဦးညွန့်ဦး–ဒေါ်ခင်သန်းမြင့်(ခ)သန်းသန်း၊ ဒေါ်ခင်အေးမြင့်တို့၏အစ်ကို၊ ဒေါ်တင်တင်ဌေး၏ ချစ်လှစွာသောခင်ပွန်း၊ မသွယ်ဇင်စိုး၊ မလဲ့ရည်နှင်း၊ မောင်ဉာဏ်လင်းထက် (အပတ်စဉ်–၃၂၊ ရေကြောင်းသိပ္ပံ)တို့၏ ကျေးဇူးရှင်ဖခင်သည် ၃၁–၇–၂၀၀၄ (စနေနေ့) မွန်းလွဲ ၃း၃၀နာရီအချိန်တွင် ကွယ်လွန်သွားပါ၍ ၄–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစောမောင်(ငြိမ်း)
အသက်(၉၂)နှစ်

ရန်ကုန်တိုင်း၊ အမှတ်(၁၁၈၂)၊ မင်းရဲကျော်စွာလမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း (ဒေါ်မေသန်းစိန်) ထားဝယ်၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်အေးအေးသန်း၊ ဒေါ်ကြူကြူသန်း [အထက(၁)၊စမ်းချောင်း]၊ ခွန်သန်းအောင်–ဒေါ်မူမူသန်း၊ ဦးထွန်းမြင့်အောင်၊ မဥမ္မာသန်း(ဥမ္မာစတိုး)၊ ဦးသန်းဇော် (တိုင်းတာရေး၊ရေအရင်းအမြစ်)–ဒေါ်ရီရီလွင် (ဆေးလုပ်မှုဆက်ဆံရေးမှူး၊ ပြည်ဆေးရုံ)တို့၏ဖခင်၊ စိုင်းဇော်ထွန်းဦး (စက်ပြင်)–မစုစုရီ (B.Com)၊ မယဉ်မင်းအောင် (ပထမနှစ်၊မြန်မာမှု)၊ မောင်မင်းသီဟ(အထက–၅၊မရမ်းကုန်း)၊ မသဲနီတျာ၊ မောင်ကောင်းထက်တို့၏ အဘိုးသည်၁–၈–၂၀၀၄ နံနက် ၄း၃၀ နာရီ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် သေဆုံးသူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးကျော်သူ(ခ)ဦးတင်ငွေ
အသက်(၆၉)နှစ်
ရွှေပန်းတိမ်ဆရာကြီး
ဘိုကလေးမြို့နယ်အသင်း

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်နေ (ဦးညွန့်မောင်–ဒေါ်ကြင်ယုံ)တို့၏ သား၊ ဒေါ်လှဝင်း၊ ဒေါ်စန်းရီ၊ (ဦးဌေးအောင်)တို့၏အစ်ကို၊ မောင်၊ ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀) အောက်လမ်း၊ အမှတ်(၆၈)၊ မြေညီထပ်နေ (ဒေါ်ကြင်ရှိန်)၏ခင်ပွန်း၊ ဦးဦးမြင့် (လ/ထ မန်နေဂျာ၊ ကကဝယ်)–ဒေါ်မူမူအေး(ကထိက၊ ဓာတု အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဒေါ်ရီရီမြင့် (ဒါရိုက်တာ Myanmar Chemical Mart Co.,Ltd.)–ဦးမောင်မောင်ထွေး၊ ဒေါ်ခင်သိန်းဦး(ခ) ဘေဘီ (ကုန်သွယ်၊ ညွှန်ကြားမှုဦးစီးဌာန)–ဦးကိုကိုနိုင်၊ ဒေါက်တာဦးအောင်တိုး (အေးရိပ်သာဆေးခန်း)–ဒေါ်ခင်မိုးဦးတို့၏ဖွေးသဖခင်၊ မောင်မင်းဦးမြင့် (စတုတ္ထတန်း TTC ကမာရွတ်)၊ မောင်သာထက်ဉာဏ်တို့၏အဘိုးသည် ၁–၈–၂၀၀၄ရက်နေ့ နံနက် ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅–၈–၂၀၀၄ရက် ကြာသပတေးနေ့ မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀တွင်ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်သန်းတင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ(ဦးချစ်မောင်–ဒေါ်ထွေးရင်)တို့၏သမီး၊ အမှတ်(၂၀)၊ ၆လွှာ(ခ) မေတ္တာကလမ်း၊ ဌေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်နေ(ဦးမောင်ထွေး) (ကန်/မြောက်၊ မင်္ဂလာတောင်ညွန့်)၏ဇနီး၊ ဦးမြင့်သန်း (C/E, SW Fisheries Group Co.,Ltd.)–ဒေါ်အေးအေးမြင့်၊ ဦးရွှေတင့်–ဒေါ်မြင့်မြင့် (စည်ပင်)၊ ဦးခင်မောင်အေး–ဒေါ်ခင်တင့်၊ ဒုတိယဗိုလ်မှူးကြီး မောင်တင် (ခရိုင်ဥက္ကဋ္ဌ၊ ခန္တီး)–ဒေါ်သန်းသန်းလှ၊ ဦးပြည်တော်သန်း (တောင်ကြီးသဘော်၊ မြန်မာ့ကြယ်ငါးပွင့်)၊ ဗိုလ်ကြီးကျော်ဆင့်–ဒေါ်လှလှထွေးတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၃၁–၇–၂၀၀၄ရက် ညနေ ၆း၁၅နာရီ၌ ရွှေဗဟိုရ်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှတ်–၂၀၊ ၆–လွှာ(ခ)၊ မေတ္တာကလမ်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလှ
အသက်(၆၉)နှစ်
ဒု/ဥက္ကဋ္ဌ၊ မုံရွာမြို့နယ် သ/မ (ငြိမ်း)၊ စစ်မှုထမ်း (ငြိမ်း)

(ဦးဘအို–ဒေါ်မျှင်) တို့၏သား၊ (ဦးသင့်–ဒေါ်အေးညွန့်)တို့၏ သားသမက်၊ မုံရွာမြို့ ဒေါနခြံရပ်နေ ဒေါ်ချစ်ချစ်၏ခင်ပွန်း၊ ရန်ကုန်တိုင်း၊ ဖူးကြီးကျေးရွာနေ (ဦးလှအောင်)–ဒေါ်စောညွန့်တို့၏မောင်၊ ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဦးမင်းဟန် (မျက်မှန်ဌာန၊ ဆေးကိရိယာရောင်းဝယ်ရေး၊ ငြိမ်း)–ဒေါ်လှထွေးတို့၏ညီ၊ မုံရွာမြို့နေ ဦးသိန်းဌေး (ဦးစီးအရာရှိ၊ လဝက၊ ငြိမ်း)–ဒေါ်ဝင်းကြည်သိန်း (သူနာပြုအရာရှိ၊ အဆင့်–၁)၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့် (စား/ဖျော်၊ ငြိမ်း)တို့၏အစ်ကို၊ မုံရွာမြို့နေ ဒေါ်ခင်အေးမြင့် (ပထမပုဂ္ဂလိကဘဏ်၊ မုံရွာ)၊ ဒေါ်သန်းသန်းဌေး၊ ရန်ကုန်မြို့နေ ဦးဝင်းကို(ခ)ကိုပေါက်–ဒေါ်ခင်ဆွေဝင်း (WTအုတ်လုပ်ငန်း)၊ ဗိုလ်မှူးဇော်ထွန်း–ဒေါ်ခင်ချစ်ချစ် (ဌာနမှူး၊ ဥပဒေဌာန)မြစ်ကြီးနား၊ ရန်ကုန်မြို့နေ ဦးကျော်ထွန်း (စာရင်းစစ်)၊ ကိုဇမ္ဗူချင်း–မမြင့်မြင့်သန်း၊ မုံရွာမြို့နေ ကိုထွန်းထွန်းလင်း–မလဲ့လဲ့မာတို့၏ဖွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃၀–၇–၂၀၀၄ သောကြာနေ့ နံနက် ၈း၃၀နာရီတွင် မုံရွာမြို့၊ ဒေါနခြံရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃–၈–၂၀၀၄ အင်္ဂါနေ့ ညနေ ၄နာရီတွင် ဆားကျင်းသုသာန်၌ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။

Ruby Dragon Jade & Gems Co.,Ltd.

ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

စဉ်	ရာထူး	လုပ်ငန်းအတွေ့အကြုံ	ပညာအရည်အချင်း	ဦးရေ
	(က)သတ္တုတူးဖော်ရေးအင်ဂျင်နီယာ			
၁။	အလုပ်သင်အင်ဂျင်နီယာ	–	A.G.T.I (Mining)	၂၀
၂။	အငယ်တန်းအင်ဂျင်နီယာ	(၃–၅)နှစ်	A.G.T.I (Mining)	၁၅
၃။	လက်ထောက်အင်ဂျင်နီယာ	(၅–၁၀)နှစ်	B.E (Mining)	၁၀
၄။	အကြီးတန်းအင်ဂျင်နီယာ	(၁၀–၁၅)နှစ်	B.E (Mining)	၅
	(ခ)စက်မှုအင်ဂျင်နီယာ			
၅။	အငယ်တန်းအင်ဂျင်နီယာ	(၃–၅)နှစ်	A.G.T.I(MP/MT)	၅
၆။	လက်ထောက်အင်ဂျင်နီယာ	(၅–၁၀)နှစ်	B.E(Mechanical)	၃
၇။	အကြီးတန်းအင်ဂျင်နီယာ	(၁၀–၁၅)နှစ်	B.E(Mechanical)	၂
	(ဂ)လျှပ်စစ်အင်ဂျင်နီယာ			
၈။	အငယ်တန်းအင်ဂျင်နီယာ	(၃–၅)နှစ်	A.G.T.I(EP)	၅
၉။	လက်ထောက်အင်ဂျင်နီယာ	(၅–၁၀)နှစ်	B.E(EP)	၃
၁၀။	အကြီးတန်းအင်ဂျင်နီယာ	(၁၀–၁၅)နှစ်	B.E(EP)	၂
	(ဃ)ဘူမိပညာရှင်			
၁၁။	အလုပ်သင်ဘူမိ	–	B.Sc(Geology)	၁၀
၁၂။	အငယ်တန်းဘူမိ	(၃–၅)နှစ်	B.Sc(Geology)/DAG	၅
၁၃။	လက်ထောက်ဘူမိ	(၅–၁၀)နှစ်	B.Sc(Geology)/DAG	၃
၁၄။	အကြီးတန်းဘူမိ	(၁၀–၁၅)နှစ်	B.Sc(Geology)/DAG	၂
	(င)လွန်တူးကျွမ်းကျင်			
၁၅။	လွန်တူး(၂)	(၃–၅)နှစ်	လုပ်ငန်းကျွမ်းကျင်သူ	၆
၁၆။	လွန်တူး(၁)	(၅–၁၀)နှစ်	လုပ်ငန်းကျွမ်းကျင်သူ	၄
	(စ)စက်ယန္တရားကြီးမောင်း			
၁၇။	စက်ယန္တရားကြီးမောင်း(၂)	(၃–၅)နှစ်	စက်ယန္တရားကြီးများ ၃၀	
၁၈။	စက်ယန္တရားကြီးမောင်း(၁)	(၅–၁၀)နှစ်	ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ	၂၀

လျှောက်ထားသူသည် အောက်ပါအချက်အလက်များနှင့် ပြည့်စုံရပါမည်။

(က) အသက်(၄၅)နှစ်ထက်မကြီးသူ၊ ကျန်းမာသန်စွမ်းသူဖြစ်ရပါမည်။ (လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်။

(ခ) လျှောက်ထားသူ၏ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံများကိုအခြေခံ၍ သင့်တော်မည့်ဝင်ပေါက်ရာထူးများကို ခန့်ထားပေးမည်။

(ဂ) လုပ်ငန်းသဘာဝအရ နယ်တူးဖော်ရေးစခန်းတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်လွှာနှင့်အတူ ကိုယ်ရေးအချက်အလက်၊ (C.V)၊ ဓာတ်ပုံ(၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူများ ပူးတွဲပါရှိရပါမည်။

အလုပ်လျှောက်လွှာများကို အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

(က) Ruby Dragon Jade & Gems Co.,Ltd. (ရန်ကုန်ရုံးချုပ်)
အမှတ်(၆၇)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) Ruby Dragon Jade & Gems Co.,Ltd. (မန္တလေးရုံးချုပ်)
အမှတ်၊ တ–၇/စ–၂၊ ၆၉လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မန္တလေးမြို့။
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်မြင့်မြင့် (၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးလှ-ဒေါ်ထွေး)တို့၏သမီး၊ (ဦးမြင့်စိုး၊ မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ရုံးအဖွဲ့မှူး၊ပညာရေးဝန်ကြီးဌာန)-ဒေါ်မူမူနိုင် (TTCကမာရွတ်)၊ ဒုတိယဗိုလ်မှူးကြီးစိန်လှမြင့် (တပ်မတော်-လေ)-ဒေါ်ခင်စန်းရွှေ၊ ဦးကြင်သောင်း(ပုသိမ်မြို့နယ်တရားသူကြီး)-ဒေါ်နုနုရီတို့၏ မွေးသမိခင်၊ မောင်မျိုးပြည့်ဟိန်း(CD-25၊ကြယ်ငါးပွင့်)၊ ဗိုလ်စိုးဝေယံ(မြစ်ကြီးနား)၊ မောင်ကောင်းမြတ်ထွန်း၊ မမေဝသုန် (တ-နှစ် Gem & Gem Mining YU)၊ မမေမေတ္တာပုံ(ဒု-နှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မဝင်းဝင်းနိုင်(နောက်ဆုံးနှစ်-ကွန်ပျူတာတက္ကသိုလ်)၊ မောင်ဟိန်းထက်နိုင်(အထက-၂၊ မင်္ဂလာဒုံ)၊ မစုထက်ထက်စံတို့၏ အဘွား၊ အမှတ်(၃)၊ ပျဉ်းမမြိုင်လမ်း၊ ဈေးရပ်ကွက်၊ ထောက်ကြန့်မြို့နေ ဒေါ်မြင့်မြင့်သည် ၂-၈-၂၀၀၄ (တနင်္လာနေ့)တွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၈-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

(ထောက်ကြန့်မြို့ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်သိန်း

B.Sc Engg. (Yangon) M.S.E(Michigan)
ကထိက(ငြိမ်း)၊ မြို့ပြအင်ဂျင်နီယာဌာန (Y.I.T)
အကြံပေးပညာရှင် (Y.C.D.C)၊ အဖွဲ့ဝင် (CQHP)

တပည့်များအားခင်မင်ရင်းနှီးစွာ စောင့်ရှောက်သွန်သင်ခဲ့သော ဆရာဦးကျော်သိန်း ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **(၁၉၆၇-၇၃) မြို့ပြအင်ဂျင်နီယာတပည့်များ။**

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ တန်ဆောင်းဒါယကာကြီး ဦးကျော်ဇ(ပုသိမ်) တိုင်းပညာရေးမှူး(စစ်ဆေးရေး)(အငြိမ်းစား) အသက်(၆၉)နှစ်သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်ရောက်တပည့်များ။

(၂) နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

ဘုရား၊ ရဟန်းဒါယကာကြီး

ဗိုလ်မှူးဉာဏ်ကြည်(ငြိမ်း)

(B.A) ညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေး

အနန္တကျေးဇူးရှင် ချစ်လှစွာသော ဖေဉာဏ် ဘီလေးတို့ မိသားစုထဲမှ ခွဲခွာသွားသည်မှာ ၃-၈-၂၀၀၄ရက်တွင် (၂)နှစ်ပြည့်ခဲ့သော်လည်း ကြေကွဲခံစားလျက် မေ့မရသေးပါ။ ဖေဉာဏ်အားရည်စူး၍ ဘီလေးတို့ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုသမျှကုသိုလ်ကောင်းမှု အစုစုကို ရောက်ရာဘုံဌာနမှ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ-အမျှ-အမျှ ......
ချစ်ဇနီး - ဒေါ်ဖြူဖြူရှိန်(လ-၁၆၊ မန္တလေး) M.Ed(II)၊ ရန်ကုန်မြို့။
ချစ်သား - ဗိုလ်လောင်းကောင်းချစ်ကြည်။

ဒေါ်တင်လှိုင် (၇၂)နှစ်

(မော်လမြိုင်/အလုပ်ကျေးရွာ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၆)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၄၆၄/ခ)နေ(ဦးတင်-ဒေါ်မယ်သင်)တို့၏သမီး၊ (ဦးဘန်ပို-ဒေါ်မာဖြူ)တို့၏ သမီးချွေးမ၊ ဦးခင်ဝေ၏ဇနီး၊(ဦးစံထွန်းအောင်၊ လဝက ဦးစီးမှူး)-ဒေါ်တင်တင်ဝေ(အလပြ၊ထ-၄၊ သဃ်န်းကျွန်း)၊ (ဦးတင်အုန်း)-ဒေါ်စန်းစန်းဝေ၊ ဦးအောင်သိန်းဌေး-ဒေါ်ချိုချိုဝေ (လ/၃၊ ဒဂုံတောင်)၊ (ဦးသိန်းထွန်း)-ဒေါ်ကြည်ကြည်ဝေ(အထက-၁၊ သဃ်န်းကျွန်း)၊ ဒေါ်ဌေးဌေးဝေ၊ ဦးသန်းထွန်း-ဒေါ်သီသီဝေတို့၏မိခင်၊မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၃-၈-၂၀၀၄(အင်္ဂါနေ့)နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသန်း(ခ)မစု

အသက်(၄၅)နှစ်

(ဝဂ္ဂ)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၆)ရပ်ကွက်၊ တိုက်(၁၆)၊အခန်း(၁၇)နေ (ဦးတင်ဖေ)-ဒေါ်နုရင်တို့၏ သမီးကြီး၊ (ဦးတင်အောင်-ဒေါ်စိန်တင်)တို့၏ သမီးချွေးမ၊ ဦးသောင်းဟန်၊ ဦးတင်အေး-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ဖြူဖြူဝင်း၊ ဒေါ်နီနီဝင်း-ဦးအောင်မင်း၊ ဒေါ်လွင်လွင်မာ၊ (ဦးတင်ထွဋ်)၊ ဦးစိန်တင့်-ဒေါ်ကလျာ၊ ဦးအောင်စိုးမိုးတို့၏ ညီမ/အစ်မ၊ ဦးငွေသိန်း (Kyaw Tha Co.,)၏ဇနီး၊ မောင်သိန်းနိုင်အောင်၊ မောင်သန့်ဇင်အောင် (နဝမတန်း၊ H,ထ-၂၊ ကမာရွတ်)တို့၏ မိခင်သည် ၂-၈-၂၀၀၄ရက် ညနေတွင် ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မမျိုးသန္တာလှိုင် (၁၂)နှစ်

အမက၊ ကွမ်းခြံကုန်း၊ သန်လျင်မြို့

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ဒေဝဒဟ နတ်စင်တစ်ရာ လောကနတ်ပရဟိတကျောင်းနေ မမျိုးသန္တာလှိုင်သည် ရန်ကုန်ကလေးဆေးရုံကြီး၌ ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကလေးဆေးရုံကြီးအအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါ လောကနတ်ပရဟိတကျောင်းမှကားများ နံနက် ၁၀:၃၀နာရီ ထွက်ပါမည်။)

လောကနတ်ပရဟိတကျောင်း။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ကျင်ရွှေ(၈၇)နှစ်

ဦးတုံမုန့်ဆိုင်
(ကျုံမငေး/ ဘိုကလေး)

ဘိုကလေးမြို့နေ (ဦးစံရင်)၏ ဇနီး၊ ရန်ကုန်မြို့နေ (ဦးတုံ-ဒေါ်တင်ရီ)၊ ဦးကျင်ဆိုင်-ဒေါ်ကြည်ကြည်၊ ဦးဘိုတိုး-ဒေါ်ကျင်ထုပ်၊ ဦးဘိုဂျမ်း-ဒေါ်နှောင်း၊ ဦးမြင့်စိုး-ဒေါ်ခင်ဝင်း၊ ဦးမြင့်မောင်-ဒေါ်ခင်စန်းဝင်းတို့၏မိခင်၊ မြေး၁၃ ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁-၈-၂၀၀၄ရက်တွင် ရန်ကုန်မြို့၊ (၁၅)လမ်း၊ အမှတ်(၄၅) လမ်းမတော် မြို့နယ် နေအိမ်၌ ကွယ်လွန်ပါ၍ ၅-၈-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ကျင်ရွှေ (၈၁)နှစ်

ရွှေနဂါးဆေးလိပ်ခုံ၊ ဘိုကလေးမြို့

ဘိုကလေးမြို့၊ မြို့မ(၁)ရပ်ကွက်၊ ခေတ်သစ်ကျောင်းလမ်း၊ အမှတ်(၃၇)နေ (ဦးဘချစ်)၏ဇနီး၊ဦးကြည်ဝင်း-ဒေါ်တင်မြင့်၊ဦးကျော်-(ဒေါ်တင်ဝင်း)၊ ဦးခင်အေး-ဒေါ်ခင်သန်း၊ဒေါ်စန်းကြည်၊ ဦးထွန်းရွှေ-ဒေါ်မိုးမိုး၊ ဦးမြမောင်-ဒေါ်အေးမြင့်ဌေးတို့၏မွေးသမိခင်၊ မြေး၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂-၈-၂၀၀၄ရက်တွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်နီနီကျော်(၄၃)နှစ်

ကက-၄(ငြိမ်း)
လယ်ယာ/ထွက်ကုန်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ (ဗဟိုလမ်း)၊ အမှတ်၆၇/၁နေ ဦးကျော်မြင့်(သစ်လုပ်ငန်း၊ငြိမ်း)-ဒေါ်အေးသန်း၊ (သစ်လုပ်ငန်း၊ငြိမ်း)တို့၏သမီး၊ဦးအောင်သန်း(အကောက်ခွန်၊ငြိမ်း)-ဒေါ်ခင်စန်းတို့၏ သမီးချွေးမ၊ (ဦးဝင်းမောင်)-ဒေါ်ခင်ဆွေမြင့်တို့၏ ညီမ၊ (ဦးရဲထွဋ်အောင်)၏ဇနီး၊ မယုဇနအောင် (Blazon Department Store)၊ မောင်ပြည့်စုံအောင် (IX-B၊အထက-၅၊ ကမာရွတ်)တို့၏ မိခင်သည် ၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန်ဒါယိကာမကြီး

ဒေါ်မြသန်း (၈၆)နှစ်

(ပြည်)

ပြည်မြို့၊ အမှတ်(၁၅၇)၊ ပုဆိုးတန်းလမ်းနေ ပြည်ရွှေဆံတော်ဘုရား၊ တန်ဆောင်းကြီးလေးခု ဒါယကာကြီး ရွှေဦးလူကလေး-ဒေါ်သိန်းချစ်တို့၏ တစ်ဦးတည်းသော သမီး၊ (ဦးယုံစိန်)၏ ဇနီး၊ ဗိုလ်မှူးသန်းတင်(ညွှန်ကြားရေးမှူး၊ လဝက)-ဒေါ်အေးအေးချို(အထက-၁၊ဒဂုံ၊ငြိမ်း)၊ ဦးအောင်မြင့်(2/E Lizstar Co.)-ဒေါ်မြင့်မြင့်အေး(ရေလုပ်ငန်း၊ငြိမ်း)၊ ဦးဇော်ဝင်း-ဒေါ်ဝေဝေစိုး(ကုန်သည်)ဈေးကြီး(၆)ရုံ ပြည်မြို့၊ ဦးသိန်းဇော် (Victoria ShippingG CO.)တို့၏ မိခင်၊ မောင်တင့်နိုင်ဦး (ZAW Electronic)၊ မမေဖူးသိုက်တင် (T.T.C)၊ မောင်နေထွန်းဦး၊ မဌေးဆုလှိုင်(အထက-၂၊စမ်းချောင်း)၊ မအေးကေခိုင် (Grade 7၊ အထက-၂၊ စမ်းချောင်း)တို့၏အဘွားသည် ၁-၈-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်း(၈၄)နှစ်

အငြိမ်းစားကျောင်းဆရာမ၊ အလက(၄)၊ မင်္ဂလာဒုံ

မြင်းခြံမြို့နေ (ဦးရဲလှ-ဒေါ်ရီ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၄၅၇)၊ စိတ္တသုခလမ်းနေ [ဗိုလ်ကြီး(အေ)ဝင်းအောင်]၏ဇနီး၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်မျိုးသန့်(စာရင်းစစ်ချုပ်ရုံး)၊ (ဦးတင်အောင်ဝင်း-ဒေါ်ခင်ဌေးမြင့်၊ မန္တလေးမြို့)၊ (ဦးမြင့်လှိုင်ဦး)-ဒေါ်တင်သန်းဝင်း(အထက-၂၊ မင်္ဂလာဒုံ၊ ရွှေကံဆင့်ဗီဒီယိုခွေငှားဆိုင်)၊ ဗိုလ်မှူးတင်ရဲဝင်း-ဒေါ်ခင်ဝင်းချို(မင်းတပ်မြို့)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ရွှေကံဆင့် ဗီဒီယိုခွေငှားဆိုင်၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံရှေ့မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းကြည် (၇၁) နှစ်

ရွှေနှင်းဆီဖိနပ်လုပ်ငန်း
(ဟင်္သာတ)

ဟင်္သာတမြို့၊ ရွှေပြောင်ပြောင်ရပ်၊ အမှတ်(၂၁၆)၊ကျေးကန်ကျောင်းလမ်းနေ (ဦးအေးတင်)၏ ဇနီး၊ ဦးအောင်ဌေး-ဒေါ်အေးအေးမာ (အမက-၈၊ ကျောင်းအုပ်)၊ (ဦးလှဌေး)-ဒေါ်ခင်သက်ဦး၊ ဦးထွန်းအောင်၊ ဦးကျင်စိန်-ဒေါ်စမ်းစမ်းမာတို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂-၈-၂၀၀၄ ရက်တွင် အမှတ်(၁၉၅)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၁၉၅)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်းဒါယိကာမ

ဒေါ်လှတင်(ခ)ဒေါ်ခွေးမ

အသက်(၆၇)နှစ်

ထိန်လင်းပွဲရုံ(ဘုရင့်နောင်)

မြိတ်မြို့နေ(ဦးဆင်မား-ဒေါ်မြသင်)တို့၏သမီး၊ (ဦးဂွမ်ယုံ-ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၄၅)၊ ၈လမ်း၊ လမ်းမတော် မြို့နယ်နေ [ဦးတင်မောင်(ခ)ဦးကြူဘီး]၏ ဇနီး၊ မြိတ်မြို့နေ (ဦးဟိုလိုင်-ဒေါ်ခင်လေး)၊ ရန်ကုန်မြို့နေ(ဦးဟိုစိန်)-ဒေါ်အေးစိန်၊ (ဦးရှင်ဘီး-ဒေါ်အင်ရှူ)၊ [ဒေါ်မကြီး(ခ)အိအိ]တို့၏ညီမသည် ၂-၈-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၆-၈-၂၀၀၄ (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဒေါ်သန်းနု (၅၉)နှစ်

ဆရာမ(ငြိမ်း)
အမက(၃၉)၊ အင်းစိန်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ(၅)လမ်း၊ အမှတ်(၅၉၀)နေ (ဦးဝင်းဟန်)-ဒေါ်ရင်မြ၊ (ဦးစံလင်း)-ဒေါ်သန်းလှတို့၏ သမီးကြီး၊ရွှေပြည်သာမြို့နေ ဦးလုံးရှိန်-ဒေါ်ခင်မေတို့၏သမီးချွေးမ၊အင်းစိန်မြို့၊ ပိန္နဲကုန်းရပ်ကွက်၊သရက်ခြံ(၅)လမ်း၊အမှတ်(၅၈၄)နေ ဦးဝင်းကို(ဦးစီးမှူး၊ ဆ/မ၊ ရန်ကုန်)၏ ဇနီး၊ ဦးလှအောင်၊ ဦးဘရီ-ဒေါ်စန်းစန်း (အထက-၃၊ ပြည်)၊ဦးဇော်အေး(R/O)-ဒေါ်ခင်ဆွေအိ၊ (ဦးလှမိုး)-ဒေါ်မြမြစိုး၊ ဦးကြည်သိန်း - ဒေါ်ညွန့်ညွန့်သန်း (အလက-၅၊ မရမ်းကုန်း)၊ ဒုတိယဗိုလ်မှူးကြီးကြည်စိုး-ဒေါ်မြမာလာမြင့်၊ ကိုဇော်ဇော်လင်း-မခင်မြင့်ဦးတို့၏ အစ်မကြီး၊ တူ/တူမ ၁၅ယောက်တို့၏ ကြီးကြီး၊ ကိုဇော်မင်းကို (A.G.T.I E/P)(King Wan Co. Ltd. S'pore)-မသန်းသန်းဝင်း (A.G.T.I,E/P)၊ ကိုအောင်မြတ်ကို (B.Tech Civil/ B.Sc Bot)၊ မောင်အောင်ကိုကို (B.A History)၊ ကိုမျိုးနိုင်(ရွှေပန်းထိမ်၊အင်းစိန်ဈေးကြီး)၊ မဖြူဇင်ကို (B.A Myanmar)တို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအမှိန်(ခ)ဟိုမိန်ချွန်

အသက်(၉၉)နှစ်

ရွှေလိပ်ပြာဆေးလိပ်ရုံ၊ ရေကြည်မြို့

ဧရာဝတီတိုင်း၊ ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၄၂)နေ [ဒေါ်ဟော်(ခ)ဗိုကင်းဟော်]၏ ခင်ပွန်း၊ [ဦးမောင်ကြည်(ခ)ဦးဖောင်]-ဒေါ်လှိုင်ရှင် (ရွှေလိပ်ပြာဆေးလိပ်ရုံ၊ ရေကြည်မြို့)၊ ဒေါ်ခင်ရီ-ဦးကောင်း၊ ရန်ကုန်မြို့၊ အမှတ်(၂၁၀)၊ မြေညီထပ်(ဝဲ)၊(၃၇)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ဦးမောင်မောင်ဝင်း-ဒေါ်ခင်စန်းအေး၊ ဒေါ်အေးအေးမူ-ဦးစင်ကျင်၊ ဒေါ်ကြူကြူ(ရေကြည်မြို့)၊ ဒေါ်သန်းသန်း-ဦးလှမြင့်၊ ဒေါ်သန်းသန်းထွေး-ဦးမြင့်အောင်တို့၏ ဖခင်၊ မြေး၂၂ယောက်တို့၏ အဘိုး၊ မြစ်လေးယောက်တို့၏အဘေးသည် ၂-၈-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

[အမှတ်(၂၁၀)၊ (၃၇)လမ်းနေအိမ်မှကားများနံနက်၁၀:၃၀နာရီတွင်ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်နန္ဒာထွန်း(၄၃)နှစ်

ဆက်သွယ်ရေးအရာရှိ (IFRC)
အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီဖက်ဒရေးရှင်း
(သရက်)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ဇေယျာသီရိလမ်း၊ အမှတ်(၅၉)နေ အငြိမ်းစားသံအမတ်ကြီး ဦးတင်ထွန်း-(ဒေါ်မြကျင်)တို့၏သမီး၊ ဒေါ်ခင်မာရီ၏တူမ၊ဦးသန့်စင် (M.D Sincere Smile Travel Tour Co.,Ltd)၏ ဇနီး၊ ဦးသိန်းဝင်းထွန်း - ဒေါ်စန္ဒာထွန်း၏ ညီမ၊ ဦးအာမင်-ဒေါ်သန္တာထွန်း၊ ဦးကျော်စိုးသိန်း-ဒေါ်သီတာထွန်းတို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ ကြီးကြီးမေသည် ၃၁-၇-၂၀၀၄ (စနေနေ့) မြန်မာစံတော်ချိန် ၁၁:၅၅နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်-၅၉၊ ဇေယျာသီရိလမ်း၊ သုဝဏ္ဏမြို့နေအိမ်မှကားများ မွန်းလွဲ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ကျော်နိုင်စိုး(ခ)ကိုကို

B.A (Geog.)

အသက်(၂၈)နှစ်

မြိတ်တက္ကသိုလ် (၁၉၉၇)
(မြိတ်)

မြိတ်မြို့၊ အမှတ်(၅၉)၊ ဗိုလ်မင်းရောင်လမ်း၊ အထက်မြစ်ငယ်ရပ်နေ ဦးဟန်မြင့်-(ဒေါ်ဟုန်)တို့၏ သားကြီး၊ မောင်ကျော်နေထိုက်(ခ)ပုပ်ပုပ် (BA , Hist)၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၂၀)၊ (၁၀၁)လမ်းနှင့် မြိတ်မြို့၊ အမှတ်(၅၆၂)၊သိမ်တော်ကြီးဘုရားလမ်း၊အထက်မြစ်ငယ်ရပ်နေ ဦးအေးမောင်-ဒေါ်ထားရီ၊ ဦးမျိုးဝင်း-ဒေါ်သန်းဆွေ၊ ဦးလှဝင်း-ဒေါ်စောညွန့်၊ ဦးဝင်းကျော်-ဒေါ်ကြင်ဟုန်၊ (ဒေါ်လှလှသိန်း)၊ ဦးကိုကိုကြီး-ဒေါ်သန်းသန်းတင့်၊ ဦးဝင်းလွင်-ဒေါ်ရီရီခိုင်၊ ဦးကျော်ကျော်-ဒေါ်စန်းရီတို့၏ တူသည် ၁-၈-၂၀၀၄ရက်တွင် မြိတ်မြို့ နေအိမ်၌ ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရေကန်ဒါယကာကြီး
မဟာဝတ္ထုကံကျောင်းတိုက်
မော်လမြိုင်ကျွန်းမြို့

သျှင်ဦးသုခဉာဏ

[ဦးသာထွန်း(ခ)ဦးသန်းထွန်း]

တောအုပ်ကြီး(ငြိမ်း)
မော်ကွန်းဝင်တတိယဆင့်
(ဖားပွန်-မော်ကျွန်း)

သိက္ခာတော်(၈)ဝါ

သက်တော်(၈၇)နှစ်

(ဒုရဲမှူးမင်းဟန်၊ငြိမ်း၊ထန်းတပင်)၊ ဒေါ်မြင့်မြင့်ရီ(လွှယ်ဟိန်းကုမ္ပဏီ၊ရန်ကုန်)၊ ရဲမှူးအောင်မြင့်(မြဝတီ)-(ဒေါ်ခင်မိမိထွန်း)၊တသသန့်ဇင်ထွန်း(ရထားရဲတပ်ဖွဲ့၊ မန္တလေး)၊ မဌေးဌေး၊ အေးအေးထွန်း (မဲဆောက်မြို့)တို့၏ ဖခင်၊ မြေးခုနစ်ယောက်၊မြစ် ၁၁ ယောက်တို့၏ အဘိုး၊ (ကျောင်းဆရာမဒေါ်အုံးညွန့်)၊ ဒေါ်တင်တင်ရီ၏ ခင်ပွန်းသည် ၂၂-၇-၂၀၀၄ (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် မဟာဝတ္ထုကံကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၂၄-၇-၂၀၀၄ ရက်ညနေ ၃နာရီတွင်မော်ကျွန်းသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြရီ(ခ)အမေဝ

အသက်(၈၁)နှစ်

(မြောင်းမြ)

ရန်ကုန်မြို့၊အမှတ်(၇၂)၊ မြိုင်မာလာ(၃)လမ်းနေ (ဦးဖိုးချက်-ဒေါ်ဖွားမေ)တို့၏ သမီး၊ (ဦးမောင်ကြီး- ဒေါ်ချစ်တီး)တို့၏ချွေးမ၊(ဦးစိန်ဝင်း၊ဆရာအတတ်သင်၊ မြောင်းမြ၊ ငြိမ်း)၏ဇနီး၊ အမှတ်(၂၆)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်းနေ ဦးစိုးဝင်း-ဒေါ်ရီရီဝင်း၊ ဦးဝင်းနိုင်-ဒေါ်တင်တင်ဝင်း (မြောင်းမြပညာရေးကောလိပ်)တို့၏ မိခင်၊ ဒေါ်ရေးတင်၊ (ဦးကျော်ဝင်း)-ဒေါ်ခင်မေ၊ (ဦးမွန်)-ဒေါ်တင်ရွှေ၊ ဒေါ်သန်းတင်တို့၏ညီမ/အစ်မ၊ ဗိုလ်မှူးနေဝင်း(ငြိမ်း)-ဒေါ်တင်တင်အေး၊ ဦးသန်းရှိန်-ဒေါက်တာခင်သက်ဝင်း၊ဦးမြင့်စိုးဝင်း-ဒေါ်ခင်စန်းရီ၊ ဦးကျော်လွင်-ဒေါ်ခင်ပြုံးဝင်း၊ ဗိုလ်မှူးကြီးလှဌေးဝင်း-ဒေါ်မာမာဝေ၊(ဗိုလ်မှူးချုပ်ထွေးဝင်း)၊ ဒေါ်လှလှဝေ၊ ဒေါ်ခင်ယုယုဝင်း၊ ဗိုလ်မှူးသန့်ဇင်ဝင်း - ဒေါ်သီသီအေး၊ ဦးအောင်ကျော်ကျော်-ဒေါ်ကြည်ကြည်မာတို့၏အဒေါ်၊မမိုမိုသဲစုဝင်း၊ မောင်သီဟဝင်းနိုင်၊ မမေပွင့်ဖြူဝင်းနိုင်၊ မအိမ့်သျှမ်နီဝင်းနိုင်၊ မြေး ၁၇ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄ ရက်ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီထွက်ပါမည်) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်းဒါယိကာမ

ဒေါ်လှတင်(ခ)ဒေါ်ခွေးမ

အသက်(၆၇)နှစ်

ထိန်လင်းပွဲရုံ(ဘုရင့်နောင်)

မြိတ်မြို့နေ (ဦးဆင်မား-ဒေါ်မြသင်)တို့၏သမီး၊(ဦးဂွမ်ယုံ-ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၄၅)၊ ၈လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးတင်မောင်(ခ) ဦးကြူဘီး]၏ဇနီး၊မနှင်းယု၊ မစန်းစန်းသွယ်၊ မောင်သန်းနိုင်ဦး၊ မောင်ကျော်ကျော်လွင်၊ မောင်ညီညီထွေး-မစုစုလင်း၊ မောင်မင်းလွင်တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မောင်ဘုန်းစစ်မင်း(IV-A၊ထ-၁၊ဒဂုံ)၊ မောင်တင်အောင်ခန့် KG-E၊ထ-၁၊ဒဂုံ)တို့၏ အဘွားသည် ၂-၈-၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်ပါ၍ ၆-၈-၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအောင်တင့်(၄၈)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၂)၊ စိတ္တသုခလမ်းနှင့်လှိုင်မြို့နယ် (၉)ရပ်ကွက် ဘူတာရုံလမ်း၊ တိုက် ၁၁(ဘီ)၊ အခန်း ၄၀၁နေ(ဦးအုန်းကောက်)-ဒေါ်လှ တို့၏ သား၊ဦးအောင်မြင့်၏ ညီ၊ ဦးမြင့်အောင်-ဒေါ်နီနီဝင်း၊ ဒေါ်တင်တင်ဝင်း-ဦးမြင့်အောင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးခင်မောင်ထွန်း(ပင်စင်ဦးစီးဌာန)-ဒေါ်မာမာခင်၊ ဦးခင်မောင်တင့်၊ ဦးထိန်လင်း-ဒေါ်ရင်ရင်မြ၊ ဦးအောင်ကျော်မိုး၊ ဦးအောင်မင်းစိုး-ဒေါ်သန်းသန်းအေးတို့၏ အစ်ကို၊ တူ၊ တူမခြောက်ယောက်တို့၏ ဦးလေးသည် ၁-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃-၈-၂၀၀၄(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရှင်မုဋ္ဌောဘုရားကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ

ဘဒ္ဒန္တ သန္တမဟာထေရ်

သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၇၇)နှစ်

တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်ရှင်မုဋ္ဌောတိုက်ကျောင်းဆရာတော်ဘဒ္ဒန္တသန္တမဟာထေရ်မြတ်သည်၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက် (သောကြာနေ့) ညစ:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ဥတုဇရုပ်ကလာပ်တော်ကို ဒုတိယဝါဆိုလပြည့်ကျော် ၁၅ရက်(တနင်္ဂနွေနေ့)တွင် အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကော်မတီနှင့်တပည့်များ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်တင်မြိုင် (၈၄) နှစ်

အိုကေပုံနှိပ်တိုက်ပိုင်ရှင်

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ ခွက်မကျေးရွာနေ ကျောင်းထိုင်ဆရာတော် ဦးတိလောက၏ အစ်မကြီး၊ ရန်ကုန်မြို့၊ အမှတ်(၂၀၉)၊ အနော်ရထာလမ်းနှင့် ၃၂လမ်းထိပ်နေ ဒေါ်စိန်စိန်၊ ဦးတင်ရွှေ-ဒေါ်အေးသန့်၊ ဦးထွန်းအောင်နိုင်-ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်မာမာခိုင်၊ ဦးဌေးအောင်၊ ဦးစိန်မြင့်-ဒေါ်လှလှမြိုင်၊ ဦးကျော်ခင်-ဒေါ်ချိုပြုံး(ခ)ဒေါ်စန်းစန်းတင့်၊ ဦးလှသန့်တို့၏ မိခင်ကြီး၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂-၈-၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးသန်းမြင့်(၇၇)နှစ်

ရသာချိုစက်မှုလုပ်ငန်းလီမိတက်
(ကျောက်ဖြူ)

ရန်ကုန်တိုင်း၊ အမှတ်(၁၀)၊ ခိုင်ရွှေဝါလမ်း၊ အပိုင်း(၃) ပေါက်ကုန်း၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ငွေဦး၏ ခင်ပွန်း၊ ဒေါ်ခိုင်စံချော၏အစ်ကို၊ ဦးဘအေး-ဒေါ်ဟန်ကြည်၊ တကကဇော်မင်းလတ်-ဒေါ်ခင်နီဝေ၊ မတင်တင်ထွေး၊ တကကထွန်းမင်းအောင်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မအေးမိုးဟန်၊ မသီရိအေး၊ မဝေဝေနွယ်၊ မစန္ဒာလင်း(Final Year Eco)၊ မောင်ပြည့်ဖြိုးလင်းတို့၏အဘိုး ဦးသန်းမြင့်သည် ၁-၈-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)

ဦးအမှိန်(ခ) ဟိုမိန်ချွန်

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁၀)၊ မြေညီထပ်(ဝဲ)၊ (၃၇)လမ်းအထက်၊ ကျောက်တံတားမြို့နယ်နေ ရာသက်ပန်အသင်းဝင် ဦးမောင်မောင်ဝင်း-ဒေါ်ခင်စန်းအေးတို့၏ ဖခင်သည် ၂-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတံသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး

ဒေါ်တင်နွယ်(၆၈)နှစ်

(မှော်ဘီ)

ရန်ကုန်တိုင်၊ မှော်ဘီမြို့နယ် (ဦးဘချစ်-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးဘိုးထူး-ဒေါ်ခင်ထွေး)တို့၏ ချွေးမ၊ မှော်ဘီမြို့၊ အမှတ်(၃၇)၊(၄)ရပ်ကွက်၊ပြည်လမ်းနေ ဦးထွန်းလင်း၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးဝင်းအောင်-ဒေါ်စန္ဒာထွန်း၊ ဦးထွန်းထွန်း-ဒေါ်နီလာထွန်းသန်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် မှော်ဘီမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးရွှေနှင်းအောင်

အသက်(၆၇)နှစ်

(မြောက်ဦး)

ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နေ (ဦးရွှေစိန်လှ-ဒေါ်ငွေလှစိန်)တို့၏ တတိယမြောက်သား၊ အမှတ်(၁၂၄၁)၊ မင်းလမ်း(၂)လမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဒေါ်စောဖြူ၏ချစ်လှစွာသောခင်ပွန်း၊ ရဲအုပ်လှဝင်း(သနပ်ပင်စခန်းမှူး)-ဒေါ်စမ်းစမ်းအေး၊ ဒေါ်လှလှဝင်း (ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)၊ ဦးစောပြည့်ဖြိုး၊ ဒုတပ်ကြပ်စိုးမြင့်အောင်(တပ်မတော်-ရေ)- ဒေါ်မြင့်မြင့်အောင်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊
ဒါယိကာမကြီး

ဒေါ်ကျင်ရွှေ(၈၇)နှစ်

ဦးတုံမုန့်ဆိုင်
(ကျုံမငေး/ ဘိုကလေး)

ကျုံမငေးမြို့နေ (ဦးစစ်ကျင်-ဒေါ်စိန်လွင်)တို့၏ သမီး၊ (ဦးစံရင်)၏ ဇနီး၊ (ဦးရှင်လုံး-ဒေါ်ခွေး)တို့၏ ညီမ၊ (ဒေါ်ကျင်ဟုံ)၊ (ဦးထွန်းတင်) ဒေါ်လှကျေ၊ ဘိုကလေးမြို့နေ ဦးမိုင်-ဒေါ်လှတို့၏ အစ်မသည် ၁-၈-၂၀၀၄ရက်တွင် ရန်ကုန်မြို့၊ (၁၅)လမ်း၊ အမှတ်(၄၅) လမ်းမတော်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၈-၂၀၀၄(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သင်(၆၅)နှစ်

(လေးမျက်နှာ၊ ဟင်္သာတ)

(ဦးချစ်အေး-ဒေါ်ထွန်းမေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ အခန်း(၅၁)၊ တိုက်(၁၅)နေ ဦးသိန်း၏ ဇနီး၊ ဒေါ်ခင်၊ ဒေါ်ယဉ်တင်၊ (ကိုမြင့်အောင်)တို့၏ အစ်မ၊ ဦးအောင်သူ-ဒေါ်အေးအေးမာ၊ ဦးအောင်စိုးသူ-ဒေါ်တင်တင်နွဲ့(အရိုးအထူးကုဆေးရုံကြီး)၊ ကိုနန်းဝေ၊ ကိုသန့်ဇင်မောင်၊ မတင်တင်ဌေး၊ မမျိုးသူဇာဝေတို့၏ မိခင်၊မြေးလေးယောက်တို့၏ အဘွားသည် ၁-၈-၂၀၀၄(တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါ၍ ၃-၈-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကျော်အေး(၅၈)နှစ်

တပ်မတော်-ရေ(ငြိမ်း)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၈)လမ်း အနောက်၊ အမှတ်(၉၇၇)နေ (ဦးဆင်း-ဒေါ်စိန်ပို)တို့၏သား၊ (ဦးမှိန်)-ဒေါ်မြသိန်းတို့၏ သားမက်၊ ဒေါ်ခင်မေသွဲ့ (ရုံးအုပ်၊ဆည်မြောင်းရုံးချုပ်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၈-၂၀၀၄ (တနင်္လာနေ့)တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်) ကျန်ရစ်သူမိသားစာ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

၁၅နှစ်ကျော် ၁၆နှစ်နီးပါးမျှ နေ့မအား ညမနား ကြိုးပမ်းခဲ့၍ အောင်မြင်မှုအသီးအပွင့်များ များစွာဖြစ်ထွန်းနေသော်လည်း နိုင်ငံတော် တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများ အများအပြား ရှိနေသေး

❀ ရှေ့ဖုံးမှ

ကျောင်းအုပ်ကြီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုး နိုင်ငံတကာတိုးတက်ပြောင်းလဲမှုအလျဉ်တွင် နောက်ကျမကျန်ခဲ့စေရန် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြရသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့်လည်း အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုအလျဉ်တွင် အမီ လိုက်ပါနိုင်စေရန်အတွက်သာမက အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် လွတ်လပ်စွာ ရှင်သန်ဖွံ့ဖြိုးနိုင်စေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိနိုင်ငံ၏ အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်တွင် မယိမ်းမယိုင် တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းနိုင်စေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

ထူးထူးခြားခြားရရှိဖြစ်ထွန်း

ထိုကဲ့သို့ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏အနာဂတ် တင့်တယ်ပြည့်စုံစေရေး၊ တည်ငြိမ်အေးချမ်းသာယာစေရေးနှင့် စည်းလုံးခိုင်မာသော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မာစေရေးတို့ကို မျှော်မှန်းပြီး တစ်မျိုးသားလုံးကြိုးပမ်းဆောင်ရွက်လာခဲ့ကြရာတွင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများလည်း ထူးထူးခြားခြားရရှိဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဆိုလျှင် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိတိကျကျ ပီပီပြင်ပြင် ကြေညာချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေကိုရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မြစ်ကူးတံတားကြီးပေါင်း ၁၇၂ စင်းကို တည်ဆောက်ပေးခဲ့ရာတွင် စစ်ကိုင်းတိုင်းရှိ ချင်းတွင်းတံတား(မုံရွာ)သည်လည်း တစ်စင်းအပါအဝင်ဖြစ်သည်။ (ဓာတ်ပုံ-ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ထင်ရှားစွာတွေ့မြင်နေရသည့် နိုင်ငံတော် ဖွံ့ဖြိုးရေးဆိုင်ရာ ထူးထူးခြားခြား ဖြစ်ထွန်းမှုများ

လယ်ယာစိုက်ပျိုးရေးကဏ္ဍ

- ၁၉၈၈ ခုနှစ်နောက်ပိုင်း ဆည်မြောင်းတာတမံပေါင်း ၁၆၂ ခု တည်ဆောက်ပေးနိုင်ခဲ့။
- မြစ်ရေတင်စီမံကိန်း ၂၆၅ ခု တည်ဆောက်ပေးနိုင်ခဲ့။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

- ၁၉၈၈ ခုနှစ်က ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်းများအပါအဝင် တစ်နိုင်ငံလုံး၌ လမ်းမိုင်ပေါင်း ၁၃၆၀၀ ကျော်သာရှိခဲ့။
- ယခု လမ်းမိုင်ပေါင်း ၅၀၀၀ နီးပါး တိုးတက်လာခဲ့ပြီး လက်ရှိ ခရီးလမ်းမိုင်ပေါင်း ၁၈၆၀၀ နီးပါး ရှိလာ။
- မြစ်ကူးတံတားကြီးများအပါအဝင် တံတားအကြီးစားပေါင်း ၁၇၂ စင်း တိုးတက်တည်ဆောက်ပေးခဲ့။
- ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး၌ ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါးသာရှိခဲ့။
- ယခု ရထားလမ်းမိုင်ပေါင်း ၃၀၀၀ နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာ။

လေယာဉ်ကွင်းများ

- ၁၉၈၈ ခုနှစ်က မြန်မာ့လေကြောင်းက အသုံးပြုသည့် လေယာဉ်ကွင်း ၂၁ ကွင်းသာရှိခဲ့။
- ယခု နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးအပါအဝင် လေယာဉ်ကွင်း ၂၉ ကွင်း ရှိလာခဲ့ပြီဖြစ်၊ ဖော်ကာ-၂၈ နှင့် ဘိုးရင်း-၇၃၇ လေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများဖြစ်။

လျှပ်စစ်ဓာတ်အားကဏ္ဍ

- ၁၉၈၈ ခုနှစ်တွင် ရေအားလျှပ်စစ်စီမံကိန်း ၁၄ ခုကနေ ၂၂၈ မဂ္ဂါဝပ်သာထုတ်လုပ်ပေးနိုင်ခဲ့။
- ယခု ရေအားလျှပ်စစ် စီမံကိန်း ၂၈ ခု တိုးတက်တည်ဆောက် ပေးနိုင်ခဲ့သည့်အတွက် ၁၆၂ မဂ္ဂါဝပ်ကျော် ထပ်မံတိုးချဲ့ပေးနိုင်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၄၀၀ နီးပါး ပေးနိုင်နေပြီဖြစ်။
- ထို့အပြင် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခြောက်ခု ထပ်မံတည်ဆောက်ခဲ့။
- ယခုအခါ ဓာတ်ငွေ့သုံးစက်ရုံ ၁၄ ခုက မဂ္ဂါဝပ် ၇၀၀ နီးပါး ထုတ်လုပ်နိုင်။
- လက်ရှိတွင် ရေအားလျှပ်စစ်နှင့် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများက စုစုပေါင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၁၀၀ နီးပါး ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်နေပြီဖြစ်။

ကျန်းမာရေးကဏ္ဍ

- ယခင်က ဆေးရုံ အကြီး၊ အလတ်၊ အသေး ပေါင်း ၆၁၇ ရုံသာ ရှိခဲ့။
- ယခု ခုတင် ၃၀၀၊ ခုတင် ၂၀၀၊ ခုတင် ၁၀၀၊ ခုတင် ၅၀၊ ၂၅ ခုတင်၊ ၁၆ ခုတင်တို့ကို တိုးချဲ့တည်ဆောက်ပေးခဲ့မှုများကြောင့် စုစုပေါင်းဆေးရုံများသည် ၇၇၆ ရုံအထိ တိုးတက်ဖြစ်ထွန်းလာ။

ပညာရေးကဏ္ဍ

- ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခု ၁၅၆ ခုရှိလာပြီဖြစ်။
- ယခင်က အထက်တန်းကျောင်း ၇၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၃၂၉ ကျောင်းသာ ရှိခဲ့။
- ယခု အထက်တန်းကျောင်း ၁၈၉၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၇၇၄ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၂၂၅ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းနေ။